# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၈) ရက် ၊ တနင်္ဂနွေနေ့ ၊ (12-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၈)


## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်

အယ်ဒီတာ့အာဘော်

# ပင်လုံစိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသ

ယနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်နေ့ထူးနေ့မြတ်ထဲမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးစည်းလုံးညီညွတ်မှုကို ခိုင်မြဲစေသည့် ပြည်ထောင်စုနေ့ဖြစ်သည်။ ပြည်ထောင်စုနေ့ဟူသည် မြန်မာနိုင်ငံတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မည်သို့ပင်ဆိုစေ ပြည်ထောင်စုဟူသောစကားရပ်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် အဓိပ္ပာယ်ဖွင့်ဆိုစရာမလိုဘဲ စွဲမြဲကိန်းအောင်းလာသည်မှာ (၇၆) နှစ်တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝကို နှစ်ပေါင်းတစ်ရာကျော်တိုင် နေထိုင်ခဲ့ကြရသည်။ ထိုသို့ဖြစ်ရခြင်းမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုအားနည်းသောကြောင့်ဖြစ်သည်။ သို့သော် အမျိုးကိုထိက မချိအောင်နာသောစိတ်ဓာတ်ရှိသူတို့က လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးရရှိစေရန် အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးခဲ့ကြရသော်လည်း နယ်ချဲ့တို့၏ သွေးခွဲလိုသောစနစ်ဖြင့် တောင်တန်းပြည်မခွဲခြားကာ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များက တောင်တန်းပြည်မပူးပေါင်းကာ လွတ်လပ်ရေးအရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ချစ်ကြည်စည်းလုံးမှု၊ ညီညွတ်မှုကိုပြသသည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်က ပြည်ထောင်စုစိတ်ဓာတ်ကိုပြသပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ သို့သော် နယ်ချဲ့တို့၏သွေးခွဲမှုကြောင့် လွတ်လပ်ရေးရရှိခဲ့သော်လည်း ပြည်တွင်းပဋိပက္ခများကြောင့် ငြိမ်းချမ်းရေးကိုမူ မရရှိခဲ့ပေ။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်တို့ကိုချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိသည်။ မြန်မာနိုင်ငံကြီးကို လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားညီအစ်ကိုများက ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်သည်။ ပြီးခဲ့သည့် (၇၆) နှစ်က ပင်လုံမြို့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ရေး ကြိုးစားသွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသောဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ရန် ဆန္ဒရှိကြသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲကာ ချစ်ကြည်စည်းလုံးစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၂၅၇၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဒီနေ့ဟာဆိုရင် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်မှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေနဲ့ ပိုမိုစည်ကားလာပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်နိုင်ပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေ ပြုလုပ်ပေးထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရာဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ တောင်ပေါ်ကနေ မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားကြပါတယ်” ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၃၁ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၁၉၁၄ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၇၃၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ တရုတ်ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

“အခု တရုတ်ကြက်သွန်ဖြူအသစ်တွေတော့ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်း အဝင်နည်းလာတယ်။ တရုတ်ကြက်သွန်ဖြူတွေ ဈေးကွက်ထဲမှာ ကုန်ပစ္စည်းလက်ကျန်က သိပ်မရှိတော့ဘူး။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန်နည်းပါးလာပြီးတော့ ဈေးကောင်းပြန်ရလာပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလ နောက်ဆုံးပတ်က တရုတ်ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၁၀ ရက် ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

“မန္တလေး ဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူတွေက လက်ကျန်သိပ်ပြီးမရှိတော့တာကြောင့် ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်ထဲ ပြန်ဝင်လာရင်တော့ ဈေးက ပြန်ပြီးတည်ငြိမ်သွားဖို့ရှိတယ်”ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ များပြား

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေကြောင်းကျပ်တည်းသည့်နေရာများ မရှိသလောက်နည်းပါး၍ ရေယာဉ်များ သွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေမှာ ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ များပြားလျက်ရှိကြောင်း သိရသည်။

“အခုက ရန်ကုန်ဆိပ်ကမ်းကနေ ရွှေကြက်ယက်ဆိပ်ကမ်းကို စက်သုံးဆီတင်ပို့မှု များပြားလာတာကြောင့် သွားရောက်သယ်ယူတဲ့ ကုန်တင်သင်္ဘောတွေကလဲ ပြန်ပြီးများလာတယ်။ ရွှေကြက်ယက်ဆိပ်ကမ်းကနေလဲ စက်သုံးဆီတွေကို ဆီဘောက်ဆာကားတွေနဲ့တစ်ဆင့် မန္တလေးမြို့တွင်းနဲ့ ပြင်ဦးလွင် စတဲ့ မြို့တွေကို ပြန်ပြီးဖြန့်ချိပေးနေပါတယ်”ဟု ဦးဝင်းမောင်ကပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေမှာ ဇန်နဝါရီလ နောက်ဆုံးပတ်က အစီးရေ ၇၀ ကျော်သာ ရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ ၁၃၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။



## အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေး

အတိတ်သမိုင်း၏လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည်အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲမှန်ကန်လှသည့် ထာဝရအမှန်တရားပင်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်
၁၂-၂-၂၀၂၂

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ ၃၅၁၃ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ ၃၅၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံသုံးမျိုးဖြစ်သည့် မြေပဲ ၃၀၆၂ ဧက၊ နှမ်း ၃၇၁ ဧက၊ နေကြာဧက ၈၀ စုစုပေါင်းဆီထွက်သီးနှံလျာထား ၃၅၁၃ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ စိုက်ဧကအားလုံး ယနေ့တွင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံသုံးမျိုး ၃၅၁၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာနဲ့ စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကိုမြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။ လက်ရှိဆီထွက်သီးနှံသုံးမျိုး လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေအထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်နဲ့ အခြားသဘာဝဘေးကြောင့် ပျက်စီးထိခိုက်တာမရှိစေဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တံတားဦးမြို့နယ်၌ RBF စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**တံတားဦး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်စုအောင်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) နှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းအဖွဲ့များက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းများ တိုးတက်အောင်မြင်အောင် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုတို့က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကျေးရွာလုပ်ငန်းအဖွဲ့များ ဆောင်ရွက်ရန်လိုအပ်သည်များကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် RBF အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြူကန်ခေတ်မီစံပြကျေးရွာမှ RBF ကျေးရွာလုပ်ငန်းအဖွဲ့ဖြစ်သည့် တိုင်းကျော်၊ ပြည်ကျော်၊ တိုးပွား၊ စွမ်းဝတီ စုစုပေါင်းအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် RBF စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၇၅ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးသူ**

# မြိတ်မြို့နယ် တက်လက်ငယ်ကျေးရွာ၌ VDP ရန်ပုံငွေဖြင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြိတ် ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် တက်လက်ငယ်ကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ တက်လက်ငယ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

တက်လက်ငယ်ကျေးရွာ၌ လမ်းအရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်နှစ်ပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများက လုပ်အားထည့်ဝင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် တက်လက်ငယ်ကျေးရွာရှိ အိမ်ခြေ ၁၃၆ အိမ်၊ လူ ၆၀၉ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုစနစ်များ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။ **ကိုလှိုင်**



# စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း ပို့ကုန်ဝင်ငွေပိုမိုရှာဖွေလာနိုင်သည့် အစေ့ထုတ်ပြောင်း

မျိုးသူ(ကုန်သွယ်မြှင့်)

ပြောင်းအနာဂတ်ကို သုံးသပ်ခြင်းဟူ၍ ၂၀၂၁ ခုနှစ် မေလတွင် ရေးသားတင်ပြခဲ့ဖူးသည်။ ထိုစဉ်က ရေးသားချက်များတွင် တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ပြောင်းတန်ချိန် ၁၁ ဒသမ ၂ သန်းကို ပြည်ပမှ တင်သွင်းခဲ့ရပြီး ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်များတွင် ပြောင်းတန်ချိန် ၂၂ သန်း၊ နှစ်ဆမျှတိုးတက်လိုအပ်လာမည်ဟု ခန့်မှန်းထားသည်။ ထိုအခြေအနေများကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းလည်းဖြစ်၊ ဈေးကွက်ကြီးလည်းဖြစ်သည့် တရုတ်နိုင်ငံနှင့် GtoG အစိုးရချင်းသဘောတူချက်များကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ထားနိုင်ရန် လိုအပ်သည်ဟူ၍ ပါဝင်သည်။ ယခုအခါ တရုတ်နိုင်ငံ၏ အကောက်ခွန်ဌာနဖြစ်သော General Administration of Customs of the People's Republic of China-GACC နှင့် ပြောင်းကို ကိုတာစနစ်ဖြင့်တင်ပို့နိုင်ရန် သဘောတူညီချက်ရရှိထားပြီးဖြစ်သဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံလည်းဖြစ်ပြီး လက်ရှိတွင် ပြောင်းအများဆုံးတင်ပို့နေရသည့် ထိုင်းနိုင်ငံနှင့်လည်း အစိုးရချင်းသဘောတူညီချက်များရရှိထားရန် လိုအပ်မည်ဖြစ်သည်။ လတ်တလောတွင် တစ်နှစ်လျှင် ခုနစ်လသာ နယ်စပ်မှတင်ပို့နိုင်သည့်အခြေအနေဖြစ်သည်။ ထိုင်းနိုင်ငံသည် တိရစ္ဆာန်မွေးမြူမှုတိုးတက်လာသည်နှင့်အမျှ ပြောင်းလိုအပ်ချက်မြင့်တက်လာသဖြင့် တစ်နှစ်လျှင် တန်ချိန် လေးသန်းကျော်ထိ လိုအပ်လျက်ရှိသည်ဟုသိရသည်။ ထိုအခြေအနေများအရ မြဝတီနယ်စပ်တွင် ပြောင်းနှင့်ပတ်သက်၍ ကုန်စည်ဒိုင်၊ သိုလှောင်ရုံများ စနစ်တကျရှိနေရေးကိုလည်း ပြောင်းအသင်းဘက်က ဆောင်ရွက်သင့်သည်ဟု သုံးသပ်မိသည်။

**ပြည်တွင်းတွင်လည်း အစာစပ်စက်ရုံများတိုးတက်လာခြင်း**

အသားထုတ်လုပ်မှု များပြားလာသည်နှင့်အမျှ ပြောင်းလိုအပ်ချက် မြင့်တက်လာမည်ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက် ကောင်းမွန်သည့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးသင့်သည်။ စဉ်းစားရမည့်အချက်မှာ အစေ့ထုတ်ပြောင်းသည် စိုက်သက်ရှည်ခြင်း၊ အစေ့ထုတ်ပြောင်းတစ်မျိုးတည်းကိုသာ စိုက်ပျိုးခြင်းဖြင့် အချို့ဒေသများ (အထူးသဖြင့် ရှမ်းပြည်နယ်)တွင် အခြားသီးနှံများ စိုက်ပျိုးမှုကျဆင်းပြီး အစေ့ထုတ်ပြောင်းပေါ်တွင်သာ တောင်သူများအားထားနေရသဖြင့် စွန့်စားမှုမြင့်လာခြင်းနှင့် အခြားသီးနှံများထုတ်လုပ်မှုကျဆင်းပြီး Products Diversification ဈေးကွက်ကျယ်ပြန့်မှုမဖြစ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ အစေ့ထုတ်ပြောင်းမှ ထုတ်လုပ်နိုင်သည့် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သော အရက်နှင့်စားသုံးဆီမှအစ အခြားသောစားသောက်ကုန်များ၊ ရေမွှေးအပါအဝင် အလှကုန်များ၊ တိရစ္ဆာန်အစားအစာများ စသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကိုလည်း ဆက်လက်လုပ်ဆောင်နိုင်လာမည်ဆိုပါက ကြီးမားသောတန်ဖိုးကွင်းဆက်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပြောင်းကို ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ နီပေါ၊ စင်ကာပူ၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်ဒေသ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ထိုသို့ လက်ရှိတင်ပို့နေသောနိုင်ငံများကို ယခုထက်ပိုမို၍တင်ပို့နိုင်သည့်အလားအလာများလည်းရှိနေသည်။ ထိုင်းနိုင်ငံသည် လိုအပ်ချက်အားဖြင့် တိုးတက်လာသော်လည်း ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံများထက် ဝယ်လိုအားနည်းပါးသည်ကို တွေ့ရသည်။ ထို့ကြောင့် အစေ့ထုတ်ပြောင်းကို မဟာဗျူဟာကျကျသုံးသပ်ရမည်ဆိုလျှင် တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ကိုရီးယားနိုင်ငံများနှင့်လည်း အစိုးရချင်းသဘောတူညီချက်များ ရယူထားသင့်သည်။

**ကမ္ဘာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှု**

ကမ္ဘာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှုကို ကြည့်လျှင် ၁၉၇၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ နှစ်စဉ် ပျမ်းမျှ ၃ ဒသမ ၁၈ ရာခိုင်နှုန်းထိ တိုးတက်နေသည်ကို တွေ့ရသည်။ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ မက်ထရစ်တန် ၃၀၈ သန်းရှိသည်။ ၂၀၁၈ ခုနှစ်တွင် မက်ထရစ်တန် ၁၁၂၅ ဒသမ ၀၁ သန်း ထွက်ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် မက်ထရစ်တန် ၁၁၀၂ ဒသမ ၁၆ သန်း ထွက်ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၁၁၆၃ သန်းထွက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်သန်း ၁၂၁၀ ထိ ထွက်ရှိလာသည်။ ကမ္ဘာပေါ်တွင် ပြောင်းစိုက်ပျိုးထုတ်လုပ်သောနိုင်ငံများတွင် အမေရိကန်နိုင်ငံမှာ



တန်ချိန် ၃၄၇ ဒသမ ၀၄၈ သန်းဖြင့် ထိပ်ဆုံးတွင်ရှိသည်။ အထွက်နှုန်းမှာလည်း တစ်ဟက်တာတွင် ၁၀၅၃၂ ဒသမ ၃ ကီလိုဂရမ် (တစ်ဧကလျှင် ၁၇၀ ဒသမ ၈တင်းခန့်) ထွက်ရှိသည်ကို တွေ့ရသည်။ ပြောင်းထွက်ရှိမှုတွင် မြန်မာနိုင်ငံသည် အဆင့် (၄၇) တွင်ရှိပြီး တန်ချိန် ၁ ဒသမ ၉၉ သန်းခန့်ထွက်ရှိပြီး တစ်ဟက်တာတွင် ၃၈၅၀ ဒသမ ၅ ကီလိုဂရမ် (တစ်ဧကတွင် ၆၂တင်းခန့်) ထွက်ရှိသည်ကို တွေ့ရသည်။ အမေရိကန်နောက်တွင် တရုတ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံ၊ ယူကရိန်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ ရုရှားနိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် အစဉ်လိုက်ရှိနေသည်ကို တွေ့နိုင်သည်။ ပြောင်းသည် တစ်ကမ္ဘာလုံးတွင် အများဆုံးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်သီးနှံတစ်ခုအဖြစ်ရှိနေသည်။ လူစားသုံးမှုရှိသကဲ့သို့ တိရစ္ဆာန်အစာအဖြစ်လည်း များစွာသုံးစွဲကြသဖြင့် ပြောင်းလိုအပ်ချက်မှာ မြင့်တက်လာနေခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ၏တိုးတက်လာသည့်ပြောင်းစိုက်ပျိုးမှု**

၂၀၁၁ ခုနှစ်တွင် အစေ့ထုတ်ပြောင်းအထွက်နှုန်း တန်ချိန် ၁ ဒသမ ၄၆ သန်း စိုက်ပျိုးထွက်ရှိခဲ့သည်ဟု သိရသည်။ ထို့နောက် နှစ်များတွင် နှစ်စဉ်တိုးတက်စိုက်ပျိုးထုတ်လုပ်လာသည်ကို တွေ့ရသည်။ ၂၀၁၂ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်း၊ ၂၀၁၃ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၆ သန်း၊ ၂၀၁၄ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၆၉ သန်း၊ ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၇၅ သန်း၊ ၂၀၁၆ ခုနှစ်တွင် ၁ ဒသမ ၈၃ သန်း၊ ၂၀၁၇ ခုနှစ်တွင် ၁ ဒသမ ၉၁ သန်း၊ ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၉၈ သန်း၊ ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၉၉ သန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၂ ဒသမ ၀၄ သန်းထိ တိုးတက်လာသည်ကိုတွေ့ရသည်။ ၁၀ နှစ်အတွင်း တန်ချိန် သုည ဒသမ ၅၈ သန်းထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခဲ့သည်ကို တွေ့ရသည်။ အစေ့ထုတ်ပြောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁၂၈၇၀၁၄ ဧက စိုက်ပျိုးပြီး ၁၂၈၃၀၃၇ ဧက ရိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။ အထွက်နှုန်းမှာ ၆၂ ဒသမ ၉၈ တင်းနှုန်းထွက်ရှိပြီး စုစုပေါင်းအထွက်မှာ ၈၀၈၀၈၇၀၂ တင်း (တန်ချိန် ၂ ဒသမ ၀၁၇ သန်းခန့်) ထွက်ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁၂၈၄၀၄၂ ဧကနှင့် ရိတ်ဧက ၁၂၇၄၃၅၆ ဧကရှိသည်ဟုဆိုသည်။ အထွက်နှုန်းမှာ ၆၃ ဒသမ ၄၆ တင်းနှုန်းရှိသဖြင့် စုစုပေါင်းအထွက်မှာ ၈၀၈၇၅၀၄၃ တင်း (တန်ချိန်၂ ဒသမ ၀၁၈ သန်း) ဖြစ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁၀၈၈၅၁၅ ဧကရှိပြီး အထွက်မှာ ၆၅၁၈၈၃၁၁ တင်းသာရှိခဲ့သည်။

**ရှမ်းပြည်နယ်နှင့် ပြောင်းစိုက်ပျိုးခြင်း**

အစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်းကို အများဆုံးတွေ့ရသည်မှာ ရှမ်းပြည်နယ်ပင်ဖြစ်သည်။ ထူးခြားမှုမှာ တစ်နိုင်ငံလုံးစိုက်ပျိုးထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်မှာ ရှမ်းပြည်နယ်တွင်ဖြစ်သည်။ ရှမ်းပြည်နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၇၁၆၀၄၀ ဖြစ်ပြီး ရိတ်သိမ်းဧကမှာ ၇၁၆၀၃၃ ဧကရှိသည်ဟုဆိုသည်။ ရှမ်းပြည်နယ်သည် အစေ့ထုတ်ပြောင်းကို မိုးသီးနှံအဖြစ် အဓိကစိုက်ပျိုးထုတ်လုပ်သည်ကိုတွေ့ရသည်။ ရှမ်းပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧရိယာ ၅ ဒသမ ၇ သန်းခန့်ရှိသည်ဟုဆိုသည်။ ယခုအခါ အစေ့ထုတ်ပြောင်းကို ဧက သုည ဒသမ ၇၂ သန်းခန့်ထိစိုက်ပျိုးထားသဖြင့် စိုက်ပျိုးနိုင်သည့်ဧရိယာ၏ ၁၃ ရာခိုင်နှုန်းထိ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ မျက်မြင်အားဖြင့် ရှမ်းပြည်နယ်တွင် တောင်ကုန်းနှင့်တောင်စောင်းများပါမကျန် အစေ့ထုတ်ပြောင်းကိုသာ အဓိကစိုက်ပျိုးကြပြီး အခြားသီးနှံများစိုက်ပျိုးမှုလျော့နည်းလာနေသည်ကို တွေ့ရသည်။ တောင်ကုန်း၊ တောင်စောင်းများတွင် တောင်ယာခုတ်သည့်အလေ့များကြောင့်လည်း သစ်ပင်များလျော့နည်းလာသကဲ့သို့ သီးနှံတစ်မျိုးတည်းကိုသာ အများအပြားစိုက်ပျိုးသဖြင့် ရာသီဥတုပြောင်းလဲခြင်းကိစ္စများအပေါ် သွားရောက်ဆက်စပ်မည်ကို စိုးရိမ်ဖွယ်ရှိသည်ဟု အချို့ပညာရှင်များက သုံးသပ်လာကြသည်။ ယခင်က ရှမ်းပြည်နယ်တွင် သစ်တော်သီးပင်များ၊ လိမ္မော်ပင်များ၊ ပဲစင်းငုံများ၊ ကြက်သွန်ဖြူများ စသည်တို့နှင့် အခြားသောသီးနှံများကို စုံလင်အောင်စိုက်ပျိုးတတ်ကြသော်လည်း ယခုအခါတွင် ဈေးကောင်းရသည့် အစေ့ထုတ်ပြောင်းကိုသာ အဓိကထားစိုက်ပျိုးသည့်အတွက် တစ်မျိုးကောင်းသာစိုက်ပျိုးသည့် နည်းစနစ်မျိုးဖြစ်လာသောကြောင့် ရာသီဥတုပြောင်းလဲခြင်းနှင့် မိုးလေဝသမမှန်ခြင်းများ ဖြစ်ပေါ်မည်ကို သတိပြုရန်လိုအပ်လာသည်။ ထို့ကြောင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်းကို ဆက်လက်လုပ်ဆောင်နေရမည်ဖြစ်သော်လည်း ဧကတိုးချဲ့စိုက်ပျိုးသည်ထက် အထွက်နှုန်းပိုမိုထွက်ရှိအောင် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ သို့ရာတွင် အထွက်နှုန်းတိုးရေးအတွက် အဓိကကျသည့်မျိုးနှင့် မြေဩဇာဈေးများ မြင့်တက်လျက်ရှိခြင်းသည် တောင်သူများအတွက် ကြီးမားသောစိန်ခေါ်မှုကြီးဖြစ်သည်။ ထို့ပြင် အစေ့ထုတ်ပြောင်းတစ်မျိုးတည်းကို နှစ်ရှည်လများစိုက်ပျိုးပြီး အခြားသောသီးနှံများကို အလှည့်ကျစိုက်ပျိုးမှုမရှိခြင်းကြောင့် မြေဆီလွှာခန်းခြောက်သည့်အန္တရာယ်ကိုလည်း စိုးရိမ်ရန်ရှိနေကြောင်း တွေ့နိုင်သည်။

**မြန်မာ့ပြောင်းတင်ပို့မှု**

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကိုကြည့်လျှင် ၁၉၉၀ ပြည့်နှစ်ခန့်မှစတင်ပြီး စီပီပြောင်းမျိုးများကို စတင်စိုက်ပျိုးလာကြရာ ယခုအခါ စီပီကုမ္ပဏီ၏ ပြောင်းမျိုးများသည် မြန်မာပြောင်းစိုက်တောင်သူများအတွက် အဓိကမျိုးများဖြစ်လာသည်။ ထိုသို့ စီပီမျိုးများကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးလာချိန်မှစတင်ပြီး အစေ့ထုတ်ပြောင်းတင်ပို့မှုသည်လည်း တရုတ်နယ်စပ်မှ ဝယ်လိုအားကိုမှီ၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) သည် အစေ့ထုတ်ပြောင်းစိုက်ဒေသကြီးဖြစ်လာကာ သယ်ယူပို့ဆောင်ခသက်သာသည်နှင့်အမျှ တောင်သူများဈေးပိုမိုရရှိပြီး ဆွဲဆောင်မှုကောင်းခဲ့သည်။ တစ်ဖက်မှ အထွက်ကောင်းမျိုးရှိလာသကဲ့သို့ ဝယ်လိုအားမြင့်တက်လာသဖြင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုသည်လည်း တစ်စတစ်စမြင့်တက်လာပြီး တန်ချိန်တစ်သန်းကျော်ကို တင်ပို့နိုင်သည်မှ ဤဘက်နှစ်တွင် တန်ချိန်နှစ်သန်းကျော်ထိ တင်ပို့လာနိုင်ပြီဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိတွင် အစေ့ထုတ်ပြောင်းတင်ပို့မှုသည် ၁၄၉၂၄၃၂ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၅၅သန်းဖြစ်သည်။ အခြားသီးနှံများနှင့် နှိုင်းယှဉ်ကြည့်ပါက မတ်ပဲကို အမေရိကန်ဒေါ်လာ ၄၇၅ သန်းဖိုးတင်ပို့ထားပြီး အစေ့ထုတ်ပြောင်းသည် ဒုတိယနေရာမှလိုက်နေသည်ကို တွေ့ရသည်။ ဆန်ကွဲတင်ပို့မှုမပါသော ဆန်သီးသန့်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၄ သန်းဖိုးသာရှိသဖြင့် ဆန်ထက်ပင် တင်ပို့မှုတွင် သာလွန်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုကို ပစ်ပယ်၍မရဘဲ မြေဆီလွှာထိန်းသိမ်းခြင်း၊ သစ်တောထိန်းသိမ်းခြင်းများကိုဖြစ်စေရန်အတွက် အစေ့ထုတ်ပြောင်းကို ဧရိယာတိုးချဲ့စိုက်ပျိုးခြင်းအစား အထွက်ကောင်းရေးနှင့် အရည်အသွေးကောင်းရေး၊ အလေအလွင့်နည်းပါးရေးတို့ကို ဦးတည်ဆောင်ရွက်ရန် လိုအပ်သည်။

အစေ့ထုတ်ပြောင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည်။ ထိုင်းနိုင်ငံသို့ တန်ချိန် ၆၆၄၇၀၀ ကျော်ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၉၉၀၀၀ ကျော်ကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၇၂၀၀၀ ကျော်ကိုလည်းကောင်း၊ တရုတ်နိုင်ငံသို့ တန်ချိန် ၁၇၂၀၀၀ ကျော်ကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၇၂၀၀၀ ကျော်ကိုလည်းကောင်း တင်ပို့ထားသည်ကိုတွေ့ရသဖြင့် အိမ်နီးချင်းတရုတ်နှင့် ထိုင်းနိုင်ငံတို့အပြင် ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း အားထားလောက်သည့်ဈေးကွက်နိုင်ငံများဖြစ်ပြီး တိုးတက်ဝယ်ယူမည့် အလားအလာများလည်းရှိသဖြင့် စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း တိုးတက်အောင်ဆောင်ရွက်ရမည့်သီးနှံမှာ အစေ့ထုတ်ပြောင်းသာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## မော်လမြိုင်ကျွန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၁၃၅၈၀၀ စိုက်ပျိုးပြီးစီး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၁၃၅၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၇၉၄၉ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ဧက ၁၃၅၈၀၀ ထိ စိုက်ပျိုးပြီးဖြစ်ပြီး စိုက်ပျိုးရန်ကျန်သည့်ဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေကို အခက်အခဲမရှိစိုက်နိုင်ဖို့၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာ၊ ရွှေခရုကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးတာ၊ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်တွေ မှန်ကန်စေဖို့ ဆောင်ရွက်ပေးတာ စတဲ့ နည်းပညာပေး လုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့တယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးရာသီမှာ နွေစပါးတွေကို အခုလို စောစော စိုက်ပျိုးနိုင်တဲ့အခါ မိုးလွတ်လေလွတ်နဲ့ ပြန်လည်ရိတ်သိမ်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

အဆိုပါ နွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## မော်ကွန်းတည်စိုး

\- ပြည်ထောင်စု သစ္စာတည်၊
ကချင်ကယား ကရင်ချင်းရယ်နဲ့
တစ်အူထုံ့ဆင်း ဗမာမွန်ရခိုင်ရှမ်းတွေက
စိတ်ဝမ်းဖြူကြည်၊
သွေးသားအစစ်ပေမို့
လေးစားချစ်မြတ်နိုးသည်
မျိုးရည်က အစဉ်မွှေး၊
ပဝေသဏီ ယခင်ကတည်းရယ်က
ယှဉ်တွဲလို့လေး။

\- ပြည်ထောင်စု အေးရိပ်မြုံ၊
သုခဘုံ အမွေအစစ်ပေမို့
နှစ်မြို့ခိုလှုံ၊
ခိုနားကြ ရွှေလက်အစုံ
ရေစက်ဆုံ တစ်မိဖွား၊
ညီအစ်ကို မောင်နှမအရင်းတွေကွဲ့
ပြည်တွင်းအင်အား။

\- ပြည်တွင်းအား စည်းလုံးညီ၊
မလိုတမာ ဘယ်လိုနှောင့်ပေမယ့်
တောင့်တင်းခိုင်ကျည်၊
ပြည်ထောင်စု အဓွန့်ရှည်
စည်သာလို့ငြိမ်းအေး၊
တို့ပိုင်စံ နိုင်ငံအကျိုးကိုလ
တို့နိုင်ငံ ခိုင်သန်ဖြိုးရအောင်
သယ်ပိုးဆောင်ပေး။

\- ပြည်ထောင်စု ကောင်းကျိုးရည်၊
မယိမ်းယိုင် မတိမ်းစောင်းရအောင်
ထိန်းကျောင်းကြမည်၊
တက်ညီတဲ့လက်ညီ
ဆက်လက်ချီ အားမာန်နိုး၊
ကမ္ဘာမှာ မြန်မာမျိုးရယ်လို့
မော်ကွန်းတည်စိုး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## ဇလွန်မြို့နယ် ကျုံတနော်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇလွန် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံတနော်တောင်ကျေးရွာ၊ ညောင်အိုင်လေးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကျုံတနော်တောင်ကျေးရွာ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာနှစ်ရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၁ ဒသမ ၇၉ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျုံတနော်တောင်ကျေးရွာ၊ ညောင်အိုင်လေးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦးကို ငွေကျပ် ၄၁ ဒသမ ၇၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

## သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို ဘက်ပေါင်းစုံက ဆောင်ရွက်လျက်ရှိရာ ကော်ပတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများက ကော်ပတ်ခြံကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ အလျားပေ ၆၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဖေဖော်ဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**

# နိုင်ငံတကာ သတင်းများ

## ရုရှားတစ်နိုင်ငံတည်းသီးသန့်ရပ်တည်စေရန် အနောက်အုပ်စုကြိုးပမ်းမှု လုံးဝမအောင်မြင်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား



**မော်စကို ဖေဖော်ဝါရီ ၁၁**

ရုရှားနိုင်ငံ တစ်နိုင်ငံတည်း သီးသန့် ရပ်တည်ရန်အတွက် အနောက်အုပ်စု၏ကြိုးပမ်းမှုများမှာ ပြိုလဲပျက်စီးခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

အာဖရိကနှင့် အရှေ့အလယ်ပိုင်းခရီးစဉ်များ ပြီးဆုံးချိန်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့်အာဖရိက၊ အရှေ့အလယ်ပိုင်း၊ အာရှ-ပစိဖိတ်နှင့် အခြားပထဝီနယ်မြေများမှ နိုင်ငံများနှင့် ဆက်ဆံရေး ခိုင်ခိုင်မာမာ တည်ဆောက်နေကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က ရုရှားသံတမန်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ပြီးခဲ့သည့်ရက်များအတွင်း အာဖရိကတိုက်နိုင်ငံများဖြစ်ကြသည့် မာလီ၊ မော်ရစ်တေးနီးယား၊ ဆူဒန်နှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည့် အီရတ်နိုင်ငံများသို့ သွားရောက်ခဲ့သည်။

ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများကြားဆက်ဆံရေးသည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ အကြီးအကျယ် တင်းမာလျက်ရှိသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အာရပ်နိုင်ငံများအပါအဝင် ရုရှားအပေါ် အနောက်အုပ်စုက အရေးယူပိတ်ဆို့မှုများပြုလုပ်ရာတွင် ပူးပေါင်းပါဝင်မှုမရှိသည့်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

## အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို အမေရိကန်စစ်ဘက် အလက်စကာ၌ ပစ်ချ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အလက်စကာပြည်နယ် ဝေဟင်၌ ပျံသန်းနေသော အမျိုးအမည်မသိအရာဝတ္ထုတစ်ခုကို အမေရိကန် အက်ဖ်-၂၂ တိုက်လေယာဉ်တစ်စင်းက ဖေဖော်ဝါရီ ၁၀ ရက်တွင်ပစ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ဝေဟင်အတွင်းရောက်ရှိလာသော တရုတ်မိုးပျံပူဖောင်းတစ်လုံးကို ပစ်ချခဲ့ရပြီး ရက်သတ္တပတ်မပြည့်မီမှာပင် အမျိုးအမည်မသိအရာဝတ္ထုတစ်ခုကို အလက်စကာပြည်နယ်၌ ထပ်မံပစ်ချခဲ့ခြင်းဖြစ်သည်။

အက်ဖ်-၂၂ ဂျက်တိုက်လေယာဉ်သည် ကားငယ်တစ်စီးအရွယ်အစားရှိ အဆိုပါအရာဝတ္ထုကို ဆိုက်ဝင်းဒါး အမျိုးအစားဒုံးကျည်ဖြင့် ပစ်ချခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါအရာဝတ္ထုကို မည်သူပိုင်ဆိုင်ကြောင်းလည်း မသိသလို မည်သည့်နေရာမှ စတင်ပျံသန်းလာသည်ကိုလည်း မသိရကြောင်း အမေရိကန် တာဝန်ရှိသူများက ဝန်ခံထားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ညွှန်ကြားချက်အရ အဆိုပါအရာဝတ္ထုကို အမေရိကန်စစ်ဘက်က ပစ်ချခဲ့ခြင်းဖြစ်သည်။

အမေရိကန် စစ်ဘက်သည် ဖေဖော်ဝါရီ ၄ ရက်ကလည်း အမေရိကန်ဝေဟင်အတွင်း ရောက်ရှိလာသည့် တရုတ်မိုးပျံပူဖောင်းကို သမ္မတဂျိုးဘိုင်ဒင်၏ အမိန့်ဖြင့် ပစ်ချခဲ့ကြောင်း သိရသည်။ KKO

## တရုတ်ခရီးသည်များအတွက် ရက်တိုဗီဇာထုတ်ပေးမှု တောင်ကိုရီးယားနိုင်ငံ ပြန်လည်စတင်

**ဆိုးလ် ဖေဖော်ဝါရီ ၁၁**




တောင်ကိုရီးယား နိုင်ငံသည် တရုတ်နိုင်ငံမှ ခရီးသည်များအတွက် ကာလတိုပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုကို ယနေ့တွင် ပြန်လည်စတင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာခဲ့ပြီးနောက် တရုတ်ခရီးသွားများအတွက် ကာလတိုပြည်ဝင်ခွင့်ဗီဇာများထုတ်ပေးမှုကို တောင်ကိုရီးယားအစိုးရက ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှုလုံးဝကင်းစင်ရေးမူဝါဒကို ဖျက်သိမ်းခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလမှစ၍ တရုတ်ခရီးသည်များအတွက် ကာလတိုပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမှုကို တောင်ကိုရီးယားအစိုးရကရပ်ဆိုင်းခဲ့သည်။

တရုတ်အစိုးရကလည်း တောင်ကိုရီးယားခရီးသည်များအားရက်တိုပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးမှုပြန်လည် ရပ်ဆိုင်းခြင်းကြောင့် တောင်ကိုရီးယားအစိုးရ၏ လုပ်ရပ်ကို တုံ့ပြန်ခဲ့သည်။

သို့သော် တရုတ်ခရီးသည်များကြား ကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးလာမှုကြောင့် တရုတ်ခရီးသည်များအတွက် ကာလတိုဗီဇာထုတ်ပေးမှုကို ပြန်လည်စတင်နေပြီဖြစ်ကြောင်းတောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ်ခရီးသည်များအတွက် တောင်ကိုရီးယားအစိုးရက ရက်တိုဗီဇာများပြန်ထုတ်ပေးမှုကို တရုတ်အစိုးရက ကြိုဆိုစကားပြောကြားခဲ့ပြီး တောင်ကိုရီးယားခရီးသည်များအတွက် ရက်တိုဗီဇာများ ပြန်ထုတ်ပေးရန် စဉ်းစားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။KKO

## အရှေ့ဂျာမနီနောက်ဆုံးဝန်ကြီးချုပ် ဟန်းစ်မိုဒိုး အသက် ၉၅ နှစ်တွင် ကွယ်လွန်

**ဘာလင် ဖေဖော်ဝါရီ ၁၁**

အရှေ့ဂျာမနီနောက်ဆုံးဝန်ကြီးချုပ်ဖြစ်သည့် ဟန်းစ်မိုဒိုးသည် ယနေ့တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၅ နှစ်ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။


ပြုပြင်ပြောင်းလဲရေးဝါဒီ ကွန်မြူနစ်ခေါင်းဆောင်တစ်ဦး ဖြစ်သူ ဟန်းစ်မိုဒိုးသည် ဘာလင်တံတိုင်း ပြိုလဲခဲ့ပြီးနောက်ပိုင်းတွင် အရှေ့ဂျာမနီဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သူဖြစ်သည်။

ဟန်းစ်မိုဒိုးသည် ဝန်ကြီးချုပ်ရာထူးရယူပြီးနောက် အစိုးရအဖွဲ့၌ ပါဝင်ရန် အတိုက်အခံများကို ဖိတ်ခေါ်ခဲ့သော်လည်း ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းမှုကို အချိန်ဆွဲနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

အရှေ့နှင့်အနောက် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းမိချိန် ၁၉၉၀ ပြည့်နှစ်တွင် ဟန်းစ်မိုဒိုးက ဂျာမနီလွှတ်တော်၏ လွှတ်တော်အမတ်တစ်ဦးဖြစ်လာပြီး ၁၉၉၄ ခုနှစ်ထိတိုင် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ဟန်းစ်မိုဒိုးသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ဥရောပပါလီမန်လွှတ်တော်အမတ်တစ်ဦးအဖြစ်လည်း တာဝန်ယူခဲ့သည်။

ဟန်းစ်မိုဒိုးသည် အရှေ့ဂျာမနီဝန်ကြီးချုပ်တာဝန်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလမှ ၁၉၉၀ ပြည့်နှစ် ဧပြီလထိသာ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ KKO



## ချားလ်ဘုရင်-၃ နန်းတက်ပွဲအထိမ်းအမှတ်တံဆိပ် ဘက်ကင်ဟမ်နန်းတော် ထုတ်ဖော်ပြသ

**လန်ဒန် ဖေဖော်ဝါရီ ၁၁**

ချားလ်ဘုရင်-၃ နန်းတက်ပွဲ အခမ်းအနားများအတွက် အသုံးပြုမည့် တရားဝင်အထိမ်းအမှတ်တံဆိပ်ကို ဗြိတိန်နိုင်ငံ ဘက်ကင်ဟမ်နန်းတော်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ချားလ်ဘုရင်-၃ နန်းတက်ပွဲ အထိမ်းအမှတ်တံဆိပ်တွင် ဗြိတိန်ဘုရင့်နိုင်ငံကို ဖွဲ့စည်းထားသည့် အင်္ဂလန်၊ ဝေးလ်၊ စကော့တလန်နှင့် မြောက်အိုင်ယာလန်တို့၏ အထိမ်းအမှတ် ပန်းပွင့်ပုံများကို ထည့်သွင်းထားကြောင်း သိရသည်။

ချားလ်ဘုရင်-၃ ၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် နန်းတက်ပွဲအထိမ်းအမှတ်တံဆိပ်၌ ပန်းလေးမျိုးပုံထည့်သွင်းထားခြင်းဖြစ်ကြောင်းဘက်ကင်ဟမ်နန်းတော်ကြေညာချက်၌ ဖော်ပြထားသည်။


ချားလ်ဘုရင်-၃ သည် မိခင်ဖြစ်သူ ဘုရင်မ အဲလစ်ဇဘက်-၂ နတ်ရွာစံခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်အတွင်းဗြိတိန်ထီးနန်းကို ဆက်ခံခဲ့သည်။

ချားလ်ဘုရင်-၃ နန်းတက်ပွဲကို လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀၀ ကပင် စတင်ကျင့်သုံးခဲ့သော အစဉ်အလာအတိုင်း လန်ဒန်မြို့ ဝက်စ်မင်စတာဘုရားကျောင်း၌ ယခုနှစ် မေ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ချားလ်ဘုရင်-၃ သည် ဩစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်အပါအဝင် ဓနသဟာယနိုင်ငံ ၁၄ နိုင်ငံတို့၏ နိုင်ငံတော်အကြီးအကဲလည်းဖြစ်ကြောင်းသိရသည်။KKO

# SCIENCE AND TECHNOLOGY

## ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က မောင့်ရှပ်တောင်ခြေရင်းဒေသ၌ ရှေးဟောင်းရေကန်တစ်ခုတည်ရှိခဲ့မှု၏ အထင်ရှားဆုံးသက်သေကို တွေ့ရှိထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် မောင့်ရှပ်အမည်ရှိ တောင်ခြေရင်းဒေသ၌ ရှေးဟောင်း ရေကန်တစ်ခုတည်ရှိခဲ့မှု၏ အထင်ရှားဆုံးသက်သေကို တွေ့ရှိထားကြောင်း CNN သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်က ရေးသား တင်ပြထားသည်။

ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် မောင့်ရှပ်တောင်ခြေရင်း တစ်နေရာ၌ လှိုင်းထသကဲ့သို့ အရစ်လိုက် အရစ်လိုက် ဖွဲ့စည်းဖြစ်ပေါ်နေသော ကျောက်သားလွှာများကို ရှာဖွေ တွေ့ရှိထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အရစ်လိုက် အရစ်လိုက် လှိုင်းထနေသည့် အဆိုပါကျောက်သားလွှာများသည် တစ်ချိန်က အရွယ်အစားကြီးမားသည့် ရေထုများ တည်ရှိခဲ့မှု၏ သက်သေဖြစ်ကြောင်း သိရသည်။

မောင့်ရှပ်တောင်ခြေရင်း နယ်မြေများသည် အနီးဝန်းကျင်နယ်မြေများထက် ပို၍ခြောက်သွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များကယူဆထားသည့် နယ်မြေများဖြစ်သည်။

ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၁၄ ခုနှစ်ကပင် အမြင့် သုံးမိုင်ရှိသည့် မောင့်ရှပ်တောင်၏ တောင်ခြေရင်း နယ်မြေများ၌ စူးစမ်းလေ့လာမှုများ စတင်ခဲ့သည်။

လွန်ခဲ့သော နှစ်သန်းရာပေါင်းများစွာက ရှိခဲ့ဖူးသည့် ရေတိမ်ရေအိုင်တစ်ခု၏ လှိုင်းများကြောင့် ရေအိုင်ကြမ်းပြင် အနည်ကျလွှာများ၌ လှိုင်းအရစ်အရစ်ဖြစ်ကျန်ခဲ့ခြင်းဖြစ်ရာ ကျူရီယိုစီတီ တွေ့ရှိခဲ့သော ကျောက်သားလွှာသည် ၎င်းနေရာ၌ တစ်ချိန်က ရေများရှိခဲ့ဖူးသော လက္ခဏာဖြစ်ကြောင်း သိရသည်။

KKO

## အိန္ဒိယနိုင်ငံ၏ SSLV ဒုံးပျံသစ်က ဂြိုဟ်တုသုံးစင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အိန္ဒိယနိုင်ငံ၏ SSLV ဒုံးပျံသစ်သည် ဖေဖော်ဝါရီ ၉ ရက်တွင် ဂြိုဟ်တုသုံးစင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် အဆိုပါဒုံးပျံကို ဆာတစ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၅ ဒသမ ၅ မိနစ်အကြာတွင် SSLV ဒုံးပျံသည် သယ်ဆောင်သွားသည့် ဂြိုဟ်တုသုံးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၈၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ဖေဖော်ဝါရီ ၉ ရက် မစ်ရှင်သည် SSLV ဒုံးပျံသစ်၏ ဒုတိယမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် SSLV ဒုံးပျံကို ၂၀၂၂ ခုနှစ် ဩဂုတ် ၆ ရက်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ရာ ၎င်းမစ်ရှင်မှာ အောင်မြင်မှုမရှိခဲ့ဘဲ ဂြိုဟ်တုနှစ်စင်း ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

SSLV ဒုံးပျံများသည် အလေးချိန်ကီလိုဂရမ် ၅၀၀ ထိရှိသော ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

KKO

## ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ လုပ်ငန်းတာဝန်များထမ်းဆောင်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၁၁**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့ကြကြောင်း ဆင်ဟွာ သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

ဖေဖော်ဝါရီ ၉ ရက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများဖြစ်ကြသော ဖိုင်ကျန့်လောင်းနှင့် ကျန်းလူတို့အတွက် ပထမဆုံးအကြိမ် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ရောက်ရှိနေစဉ်အတွင်း တရုတ်အာကာသယာဉ်မှူးများသည် ဝန်တီယန်ပင်မကိုယ်ထည် အပူဓာတ်ထိန်းချုပ်မှုစနစ်အတွက် အထောက်အကူပြု ပစ္စည်းများ တပ်ဆင်ခဲ့ကြကြောင်း သိရသည်။

တီယန်ကောင်း အာကာသစခန်းပြင်ပသို့ တရုတ်အာကာသယာဉ်မှူးနှစ်ဦး ထွက်ခွာချိန်သည် ခုနစ်နာရီ ကြာမြင့်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၅ အာကာသ လူသယ်ယာဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများ၏ ဖေဖော်ဝါရီ ၉ ရက် အာကာသ ဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် တီယန်ကောင်း အာကာသစခန်းတည်ဆောက်ပြီးစီးပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သော အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အာရုံနာ့ဗ်ဆဲလ်စနစ် ထိန်းသိမ်းရေးဆေးသစ်က လေဖြတ်ပြီးနောက် သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၁**

သွေးကြောအတွင်းရှိ သွေးခဲများကို ခွဲစိတ်ဖယ်ရှားပေးမှုနည်းလမ်းနှင့်အတူ အာရုံနာ့ဗ်ဆဲလ်စနစ်ထိန်းသိမ်းရေးဆေးသစ်တစ်မျိုးကို တွဲသုံးပါက လေဖြတ်ပြီးနောက် မသန်စွမ်းဖြစ်နိုင်ခြေနှင့် သေဆုံးနိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၀ ရက်က ရေးသား တင်ပြထားသည်။

Ap Toll အမည်ရှိ အာရုံနာ့ဗ်ဆဲလ်စနစ်ထိန်းသိမ်းရေး ဆေးသစ်သည် ရောင်ရမ်းမှုကိုလျှော့ချပေးခြင်းဖြင့် ဦးနှောက်တစ်ရှူးများ ဆက်လက်ပျက်စီးမှုကို တားဆီးပေးနိုင်ကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

သွေးခဲများကြောင့် ဦးနှောက်တွင်း အစိတ်အပိုင်းတစ်နေရာသို့ သွေးဝင်ရောက်မှု ပြတ်တောက်သွားချိန်၊ ဦးနှောက်အတွင်းရှိ သွေးကြောတစ်ကြော ပေါက်ထွက်ချိန်များတွင် လေဖြတ်မှုဖြစ်ပွားတတ်ကြောင်း သိရသည်။

စပိန်သုတေသန ပညာရှင်များသည် ဦးနှောက်အတွင်း သွေးဝင်ရောက်မှုရပ်တန့်ခြင်းကြောင့် လေဖြတ်ခဲ့ရသည့် လူနာ ၁၅၀ ကျော်တို့ကို Ap Toll ဆေးဖြင့် စမ်းသပ်ကုသခဲ့သည်။

အဆိုပါ စမ်းသပ်မှုမှထွက်ပေါ်လာသည့်ရလဒ်အရ သွေးခဲများကို ခွဲစိတ်ဖယ်ရှားမှုနှင့်အတူ Ap Toll ဆေးဖြင့် ကုသမှုခံယူခဲ့သော လေဖြတ်လူနာများမှာ Ap Toll ဆေး မသုံးသူများနှင့်နှိုင်းယှဉ်ပါက လေဖြတ်မှုကြောင့် သေဆုံးနိုင်ခြေလေးဆ ပိုနည်းပါးသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## နေ့စဉ် ဘီယာ သို့မဟုတ် ဝိုင်နှစ်ခွက်သောက်ခြင်းဖြင့် Dementia ဖြစ်နိုင်ခြေလျှော့ချနိုင်ဖွယ်ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၁၁**

နေ့စဉ်ဘီယာနှစ်ခွက် သို့မဟုတ် ဝိုင်နှစ်ခွက် သောက်သုံးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံမှ သုတေသနပညာရှင်များသည် လူပေါင်းလေးသန်းတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှထွက်ပေါ်လာသည့် ရလဒ်များအရ တစ်ရက်လျှင် ဘီယာ သို့မဟုတ် ဝိုင်တစ်ခွက် သောက်သူများသည် လုံးဝမသောက်သူများနှင့်နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းပိုနည်းပါးကြောင်း သိရသည်။

ထို့ပြင် တစ်ရက်လျှင် ဘီယာ သို့မဟုတ် ဝိုင်ကို နှစ်ခွက်ထိသောက်သူများတွင်လည်း လုံးဝမသောက်သူများနှင့် နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေမှာ ၁၇ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဘီယာ သို့မဟုတ် ဝိုင်ကို တစ်ရက်လျှင် သုံးခွက်ထိသောက်သူများမှာမူ လုံးဝမသောက်သူများနှင့်နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ရှစ်ရာခိုင်နှုန်းထိ ပို၍မြင့်မားလာနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက သတိပေးထားသည်။

အယ်လ်ကိုဟောကို အနည်းငယ်မျှသာ သောက်မည်ဆိုလျှင် Dementia ဖြစ်နိုင်ခြေကိုလျှော့ချနိုင်သော်လည်း လွန်ကဲစွာသောက်သုံးပါက အကျိုးထက်အဆိုးကသာ ပိုများလိမ့်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဒီယေဂိုကိုကာကို နည်းပြသစ်ခန့်အပ်ကြောင်း မက္ကဆီကိုအသင်း ထုတ်ပြန်ကြေညာ

**မက္ကဆီကို ဖေဖော်ဝါရီ ၁၁**

မက္ကဆီကိုအသင်းသည် ပြီးခဲ့သည့်ဒီဇင်ဘာလကုန်က အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် နည်းပြ မာတီနိုနေရာတွင် မက္ကဆီကိုကလပ် UANL အသင်းကို တာဝန်ယူကိုင်တွယ်နေသည့် နည်းပြဒီယေဂိုကိုကာနှင့် အစားထိုးခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြမာတီနိုသည် မက္ကဆီကိုအသင်းအား ၂၀၁၉ ခုနှစ်ကတည်းက စတင် တာဝန်ယူကိုင်တွယ်ခဲ့ကာ ပြိုင်ပွဲစုံ ၆၆ ပွဲတွင် ၄၂ ပွဲနိုင်၊ ၁၂ ပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ကွန်ကာကပ်ချန်ပီယံဖလားတစ်ကြိမ်ရယူပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခွာခဲ့ရသဖြင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က မက္ကဆီကိုကလပ် UANL အသင်းကို တာဝန်ယူကိုင်တွယ်နေသည့် နည်းပြ ဒီယေဂိုကိုကာကို နည်းပြသစ်အဖြစ် ခန့်အပ်ကာ လာမည့် ၂၀၂၆ ဒီဇင်ဘာလထိ သုံးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီခဲ့သည်။

မက္ကဆီကိုအသင်း အားကစားဒါရိုက်တာ အော်ဒီယာလက်စ်က "ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့ လက်ရွေးစင်နည်းပြ ခန့်အပ်ဖို့ တော်တော်ခက်ခဲခဲ့ပါတယ်။ နည်းပြငါးယောက်လောက် ရွေးချယ်ထားတဲ့အထဲကမှ ကိုကာကို ခန့်အပ်ခဲ့တာပါ။ သူဟာ အောင်မြင်မှုတွေ ရရှိထားပြီး အတွေ့အကြုံကောင်းရှိတဲ့ နည်းပြတစ်ယောက်ဖြစ်သလို အသင်းကို စီမံကွပ်ကဲရာမှာ သမာသမတ်ကျတဲ့ သူဖြစ်ပါတယ်။ မက္ကဆီကိုနဲ့ အာဂျင်တီးနား ကလပ်အသင်းတွေမှာလဲ အောင်မြင်မှုတွေ ရယူနိုင်ခဲ့သူဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML




**ပရီးမီးယားလိဂ် ပွဲစဉ် (၂၃) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၁ | ချဲလ်ဆီး |
| အာဆင်နယ် | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ပဲလေ့စ် | ၁ | - | ၁ | ဘရိုက်တန် |
| ဖူလ်ဟမ် | ၂ | - | ၀ | နော်တင်ဟမ် |
| လက်စတာ | ၄ | - | ၁ | စပါး |
| ဆောက်သမ်တန် | ၁ | - | ၂ | ဝုဗ် |

(ဝ၄၀)

## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်ကလပ်အသင်းများက EA Sports ကုမ္ပဏီနှင့် စတာလင်ပေါင် ၄၈၈ သန်းတန်ကြေးရှိသည့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- တူရကီနှင့် ဆီးရီးယားနိုင်ငံတို့မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စတာလင်ပေါင် တစ်သန်းလှူဒါန်းခဲ့ကြောင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ အန်ဆယ်လော့တီက ဘရာဇီးလက်ရွေးစင်အသင်းကို တာဝန်ယူရန် သုံးနှစ်စာချုပ်ဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

ML

# ဖီဖာတစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်းတွင် မက်ဆီ၊ အမ်ဘက်ပီ၊ ဘင်ဇီးမားတို့ ပါဝင်







**ပဲရစ် ဖေဖော်ဝါရီ ၁၁**

၂၀၂၂ ခုနှစ်အတွက် ဖီဖာ တစ်နှစ်တာ အကောင်းဆုံးဆန်ခါတင် ကစားသမား သုံးဦးစာရင်းထုတ်ပြန်ခဲ့ရာတွင် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး မက်ဆီနှင့် တိုက်စစ်မှူး အမ်ဘက်ပီ၊ ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘင်ဇီးမားတို့ ပါဝင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဆုအတွက် ပဏာမ ကစားသမား ၁၄ ဦးမှ ကစားသမားများကို နိုင်ငံအသင်း နည်းပြများ၊ အသင်းခေါင်းဆောင်များ၊ အားကစားပရိသတ်များနှင့် အားကစားဂျာနယ်လစ်များက မဲပေးရွေးချယ်ခဲ့ရာ နောက်ဆုံးဆန်ခါတင် သုံးဦးစာရင်းတွင် မက်ဆီ၊ အမ်ဘက်ပီနှင့် ဘင်ဇီးမားတို့သာ ကျန်ရှိခဲ့ကြောင်း သိရသည်။

တစ်နှစ်တာ အကောင်းဆုံးဆုကို ၂၀၂၁ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်ထိ ကစားခဲ့သည့် ပွဲစဉ်များတွင် ကစားသမားတစ်ဦးချင်းစီ၏ စွမ်းဆောင်မှုများနှင့် အောင်မြင်မှုအပေါ် အခြေခံ၍ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး တိုက်စစ်မှူး မက်ဆီသည် ကလပ်အသင်းတွင် အောင်မြင်မှု မရခဲ့သော်လည်း အာဂျင်တီးနား အသင်းနှင့်အတူ ကမ္ဘာ့ဖလားချန်ပီယံဆု ရယူနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့မှုကြောင့် ဦးစားပေး (၁) အဖြစ်လည်းကောင်း၊ အမ်ဘက်ပီကလည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းအား ဗိုလ်လုပွဲစဉ်သို့ ရောက်ရှိခဲ့အောင် ကူညီနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ရယူနိုင်ခဲ့မှုကြောင့်လည်းကောင်း၊ ဘင်ဇီးမားက ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားနှင့် လာလီဂါဆုဖလား ရယူပေးနိုင်ခဲ့သကဲ့သို့ အဆိုပါပြိုင်ပွဲတို့တွင် ဂိုးသွင်းအများဆုံးဖြစ်ခဲ့သောကြောင့် ဆန်ခါတင်ကစားသမားစာရင်းတွင် ရွေးချယ်ခံခဲ့ရသည်။

ဖီဖာတစ်နှစ်တာအကောင်းဆုံး အမျိုးသားဆုကို ၂၀၂၁ ခုနှစ်က တိုက်စစ်မှူး လီဝမ်ဒေါ့စကီးရရှိခဲ့သော်လည်း ယခုနှစ်တွင် အာဂျင်တီးနားအသင်းအား ကမ္ဘာ့ဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် တိုက်စစ်မှူးမက်ဆီက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းက ခံစစ်ကစားသမားသီယာဂိုဆေးဗားကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

**လန်ဒန် ဖေဖော်ဝါရီ ၁၁**

ချဲလ်ဆီးအသင်းသည် ခံစစ်ကစားသမား သီယာဂိုဆေးဗားကို အသက်အရွယ်အရ အသင်းမှ ထွက်ခွာခွင့်ပြုရန် ဆန္ဒရှိခဲ့သော်လည်း ၎င်း၏ခြေစွမ်းပြသနိုင်ခဲ့မှုကြောင့် လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီထိ တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းအား လူငယ်ကစားသမားများဖြင့် သာ တည်ဆောက်ရန် စီစဉ်ခဲ့ပြီး ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက လူငယ်ကစားသမားအများစုသာ ခေါ်ယူခဲ့သော်လည်း ခံစစ်ပိုင်းတွင် ဝါရင့်ကစားသမားမရှိသည့်အတွက် အသက် ၃၈ နှစ်ရှိ သီယာဂိုဆေးဗားကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် ဝင်ငွေထွက်ငွေကိုက်ညီမှုရှိစေရန်အတွက် အသက်အရွယ်ရသည့်ကစားသမားများကို ရောင်းချမည်ဖြစ်ပြီး ခံစစ်ကစားသမား ကူလီဘာလေကိုလည်း အရောင်းစာရင်း တင်သွင်းခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုးနှစ်ဂိုး ထိသွင်းယူကာ ခြေစွမ်းပြသလျက်ရှိသည့် အသင်းခေါင်းဆောင် သီယာဂိုဆေးဗားကို လူငယ်ကစားသမားနှင့် တွဲဖက်ကစားစေလိုသောကြောင့် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ခံစစ်ကစားသမား သီယာဂိုဆေးဗားက "ကျွန်တော်အသင်းကို စရောက်ကတည်းက ဒီအသင်းမှာ တစ်နှစ်လောက်သာ ကစားရမယ်လို့ ထင်ခဲ့တာပါ။ ဒါပေမဲ့ အသင်းနဲ့ အကောင်းဆုံး ကစားနိုင်ခဲ့လို့ အခုဆိုရင် ဘောလုံးရာသီလေးရာသီထိ ရှိနေခဲ့တာဖြစ်ပါတယ်။ အရိုးသားဆုံးပြောရရင် ချဲလ်ဆီးအသင်းမှာ ကစားရတာ ကျွန်တော့်ကစားသမားဘဝမှာ အကောင်းဆုံး အချိန်တွေဖြစ်ပါတယ်။ အသင်းအနေနဲ့ ကျွန်တော့်ကို ယုံကြည်ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ကျန်ကွင်းဝမ်တက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၁**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပနေသည့် Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Shine သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဆက်ကီနာသည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သော်လည်း ကွာတားဖိုင်နယ်အဆင့်၌ ကျန်ကွင်းဝမ်အား ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် စွမ်းဆောင်ရည်ပိုင်းမှာ ပုံမှန်အောက် ရောက်ရှိနေသည်။

အသက် ၂၀ ရှိ ကျန်ကွင်းဝမ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် တတိယမြောက် ဆုဖလားကို ဆွတ်ခူးနိုင်ရေးအတွက် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့ပြီး နိုင်ခြေအဆင့် (၁) တင်းနစ်မယ် ကာဆက်ကီနာအား ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းကြောင့်လည်း ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည်။



ကျန်ကွင်းဝမ်က "ကျွန်မအနေနဲ့ တစ်ပွဲချင်းစီတိုင်းကို အနိုင်ရဖို့ ကြိုးစားကစားနေပါတယ်။ ဒုတိယအဆင့်ရောက်တဲ့အခါ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားကစားခဲ့တယ်။ ကွာတားဖိုင်နယ်အဆင့်ကိုရောက်တော့လဲ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရမယ်ဆိုတဲ့ စိတ်နဲ့ကစားခဲ့တယ်။ အဲဒီလိုပဲ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်လာပြီဖြစ်တဲ့အတွက် ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ရမယ်ဆိုတဲ့ စိတ်နဲ့ အာရုံစိုက်ကစားသွားမယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ ဘာတွေဖြစ်လာမလဲဆိုတာတော့ မပြောနိုင်သေးဘူး။ အကောင်းဆုံးရလဒ်တစ်ခုကို ရယူနိုင်မယ်လို့တော့ မျှော်လင့်ထားပါတယ်"ဟုပြောကြားခဲ့သည်။AZL

# ဂုဏ်ဒြပ်တည်စေ့ ပြည်ထောင်စုနေ့

စိန်ဌေးလှိုင်(ဟိုပုံးမြေ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘုရင်ကိုယ့်သခင်ဖြင့် နေထိုင်ခဲ့သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားခဲ့ပြီး ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားထွက်ရှိရာ ရတနာမြေတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် လူတုပရိုင်းမိတ်များတွေ့ရှိခဲ့သော အထောက်အထားများအရ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြောင်း သိရသည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသည့် မြို့ပြငယ်များဖြင့် ပထမ မြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူ၍ အထင်အရှား တည်ရှိခဲ့သည်။

ထိုကဲ့သို့ အဘက်ဘက်က ပြည့်စုံသာယာလျက်ရှိသော နိုင်ငံတော်သည် တိုင်းတစ်ပါးတို့၏ ကျူးကျော်မှုကိုခံခဲ့ရပြီး ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ရသည်။ ကိုလိုနီစနစ်ဆိုသည်မှာ အင်အားကြီးမားသောနိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံ၏ နယ်မြေကိုတရားဝင်တိုက်ရိုက်ထိန်းချုပ်နိုင်သည့် နိုင်ငံရေးနှင့်စစ်ရေးလွှမ်းမိုးမှုစနစ်ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏အကျိုးစီးပွားအတွက် ကိုလိုနီပြုထားသောနိုင်ငံရှိလူသားအရင်းအမြစ်များထံမှ အကျိုးအမြတ်များကိုရယူကြသည်။ အရှေ့တောင်အာရှတွင် တည်ရှိသောမြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝကာ အချက်အချာကျသဖြင့် ဗြိတိသျှတို့မှာ ကိုလိုနီနိုင်ငံအဖြစ်သိမ်းယူလိုခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ရာ ရခိုင်နှင့်တနင်္သာရီဒေသတို့ ဆုံးရှုံးခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ရာ ဟံသာဝတီကိုသိမ်းယူခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်ပွားခဲ့ပြီး တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှတို့သည် သီပေါဘုရင်၊ စုဖုရားလတ်နှင့်သမီးတော်တို့ကို မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက် တနင်္လာနေ့တွင် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်သွားခဲ့သည်။ တိုင်းပြည်နှင့်လူမျိုးမှာ ဗြိတိသျှလက်အောက်သို့ လုံးဝကျရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်သည်နှင့်သူ့ကျွန်မခံလိုသော တိုင်းရင်းသားတို့မှာ ရရာလက်နက်ကိုစွဲကိုင်၍ တော်လှန်ခဲ့ကြသည်။ ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်၊ ပုဂံဒေသမှ ဗိုလ်ချို၊ ဝဲလောင်ဒေသမှ ဗိုလ်ရာညွှန့်၊ ချင်းပြည်နယ်မှ ဗိုလ်ဆွန်ပက် ခေါ် ကြွမ်ဘိ (Cawn Bike) စသည့် မျိုးချစ်သူရဲကောင်းတို့မှာ ထင်ရှားခဲ့သည်။ ထိုကဲ့သို့ ကြိုးစားတော်လှန်ခဲ့ကြသော်လည်း တစ်တိုင်းပြည်လုံး စည်းလုံးနိုင်သည့်အခြေအနေမပေးခြင်း၊ လက်နက်အင်အား လူအင်အားမမျှခြင်းတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း နယ်ချဲ့ကိုတော်လှန်လိုသော စိတ်ဓာတ်မှာ လျော့နည်းမသွားခဲ့ပေ။ ၁၉၀၆ ခုနှစ်တွင် ဦးဘဘေ၊ အမ်အေ ဦးမောင်ကြီး၊ ဒေါက်တာဦးဘရင်တို့ကဦးစီးကာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (ဝိုင်အမ်ဘီအေ)ကို တည်ထောင်ခဲ့သည်။ "အမျိုးကို ချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကို ချီးမြှောက်ပါ၊ ပညာရေးကို အားပေးပါ"ဟူသော ကြွေးကြော်သံနှင့်အတူ မြန်မာတိုင်းရင်းသားတို့သည် ဇာတိမာန်စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ မျိုးချစ်စိတ်ဓာတ်တို့ တစ်ဟုန်ထိုးနိုးကြားလာခဲ့ကြသည်။

ထို့နောက် နိုင်ငံရေးလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ထိုအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ်ကြီး (ဂျီစီဘီအေ)အဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့ပြင် တို့ဗမာအစည်းအရုံးကို ၁၉၃၀ ပြည့်နှစ် မေ ၃၀ ရက်တွင်ဖွဲ့စည်းခဲ့ရာ "ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကိုချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ" ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။ "သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)၊ သခင်ရှုမောင်(ဗိုလ်ချုပ်နေဝင်း)၊ သခင်မြ၊ သခင်နု၊ သခင်ဘသောင်း၊ သခင်ထွန်းအုပ်၊ သခင်ညီ၊ သခင်အောင်သန်း၊ သခင်ဘစိန်၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဘဟိန်း၊ သခင်သိန်းဖေ စသည်ဖြင့် "သခင်"ဟူသောဂုဏ်ထူးအမည်ကို အဖွဲ့ဝင်များ၏ အမည်ရင်းရှေ့တွင် ထည့်သွင်းမှည့်ခေါ်ခဲ့ကြသည်။ မြန်မာလူမျိုးတို့သည် ကျွန်လူမျိုးများမဟုတ်၊ သခင်လူမျိုးများဖြစ်ကြောင်းကို ညွှန်းဆိုခဲ့ခြင်းပင်ဖြစ်သည်။ "သခင်ပေါက်စ ထောင်ခြောက်လ၊ အမေကမွေး၊ ထောင်ကကျွေး"ဟူသော စကားမှာ လွတ်လပ်ရေးကြိုးပမ်းသူ သခင်တစ်စု၏ လက်သုံးစကားဖြစ်ခဲ့သည်။ ထို့ပြင် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ သခင်အောင်ဆန်းကဲ့သို့သော မျိုးချစ်လူငယ်ခေါင်းဆောင်များပေါ်ထွန်းလာရာ နယ်ချဲ့ကိုလက်နက်ကိုင်တော်လှန်မှသာ လွတ်လပ်ရေးရနိုင်မည်ဟု သိရှိနားလည်လာကြသည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့ရာ အင်္ဂလိပ်တို့သည် စစ်ကြီးအတွက်လုံးပန်းနေရသည်။ "အင်္ဂလိပ်အခက် ဗမာအချက်"ဟူသော ကြွေးကြော်သံဖြင့် နယ်ချဲ့တို့ကိုလက်နက်ဖြင့် ပြန်လည်တိုက်ခိုက်ရမည့်နည်းလမ်းကိုရှာဖွေခဲ့သည်။ ဂျပန်နိုင်ငံနှင့်ဆက်သွယ်မိပြီး တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း ခေါင်းဆောင်သည့် မျိုးချစ်လူငယ်ဦးရေ ၃၀ (ရဲဘော်သုံးကျိပ်)တို့သည် စစ်သင်တန်းတက်ရောက်ရန်အတွက် အသုတ်လေးသုတ်ခွဲကာ ပြည်ပသို့ထွက်ခွာခဲ့သည်။

ထို့နောက် ဟိုင်နန်ကျွန်းရှိ ဆန်းငရွာအနီးတွင် စစ်ပညာကိုသင်ကြားခဲ့သည်။ ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံမှအပြန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ရက် တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army)ကို ထိုင်းနိုင်ငံတွင်နေထိုင်ကြသော မြန်မာတို့နှင့်ပူးပေါင်းကာ ဖွဲ့စည်းလိုက်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်မတို့နှင့်ပူးပေါင်း၍ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းလေးကြောင်းဖြင့် ဝင်ရောက်လာရာ ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ် မတ်လတွင် သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ပြင် တပ်မကြီးနှစ်ခုကို ထပ်မံဖွဲ့စည်း၍ ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံအထက်ပိုင်းသို့ ဆက်လက်ချီတက်ရာ ထိုနှစ် မေလတွင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော်သည်လည်း ဂျပန်တို့၏လက်အောက်ခံ တပ်မတော်အဖြစ်နှင့်သာ ရပ်တည်နေခဲ့ရာမှ ဂျပန်တို့ပေးသော လွတ်လပ်ရေးက ရွှေရည်စိမ်လွတ်လပ်ရေးအတုသာဖြစ်၍ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ဖက်ဆစ်တော်လှန်ရေးကြီးကို စတင်ဆင်နွှဲလိုက်တော့သည်။

ဂျပန်တို့သည် မြန်မာ့မြေမှ ထွက်ခွာသွားပြီးနောက် ဗြိတိသျှတို့မှာ မြန်မာနိုင်ငံအတွင်းသို့ ဒုတိယအကြိမ် အုပ်ချုပ်စအချိန်ကပင် မြန်မာ့တပ်မတော်၏ စိတ်ဓာတ်နှင့်အရည်အချင်းကိုလည်းကောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားတော့မည့် အခြေအနေအရပ်ရပ်ကိုလည်းကောင်း တွေ့မြင်နေရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအား လွတ်လပ်ရေး မလွဲမသွေပေးအပ်ရတော့မည်ဖြစ်ကြောင်းကို ထိုစဉ်ကတည်းက စဉ်းစားမိပြီးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ကြိုးပမ်းမှုများကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အာမခံချက်ဖြစ်သော အောင်ဆန်း-အက်တလီ စာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ချုပ်ဆိုနိုင်ခဲ့သည်။ စာချုပ်ကို မြန်မာတို့ဘက်မှ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်၍လည်းကောင်း၊ ဗြိတိသျှအစိုးရဘက်မှ ဗြိတိသျှဝန်ကြီးချုပ် ကလီးမင့်ရစ်ချတ်အက်တလီ (Clement Attlee) က ခေါင်းဆောင်၍လည်းကောင်း ဆွေးနွေးကြပြီးလျှင် သဘောတူလက်မှတ်ထိုးကြသောကြောင့် အောင်ဆန်း-အက်တလီစာချုပ်ဟု ခေါ်ဆိုသည်။ ထိုစာချုပ်တွင် ပြည်မနှင့်တောင်တန်းဒေသများ ပူးပေါင်းရန်၊ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ပါဝင်သည့် အချက်ကြီး (၁၀) ချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ရေရှည်အုပ်ချုပ်နိုင်ရန်အတွက် တိုင်းရင်းသားများကို ခွဲခြားအုပ်ချုပ်ခဲ့သည်။ ၎င်းတို့၏အုပ်ချုပ်ရေး ပရိယာယ်ကြွယ်ဝမှုကြောင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှုမရှိခဲ့ဘဲသွေးကွဲခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကို မျှော်မှန်းနိုင်သည့်ကာလသို့ရောက်ရှိသော်လည်း ဗြိတိသျှတို့သည် တောင်တန်းဒေသများကို ၎င်းတို့၏လက်အောက်တွင် ရှိနေစေချင်သေးသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေး မဖြစ်မနေပေးရမည်ဆိုသောအခါ တောင်တန်းဒေသများကို ချန်လှပ်ထားလိုသည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံကုန်းတော်အလယ်ပစ္စယာ၌ ကျင်းပသော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ညီလာခံကြီးမှ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တိုင်းရင်းသားအားလုံးလက်တွဲ၍ အတူတကွလွတ်လပ်သော ပြည်ထောင်စုနိုင်ငံထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့သွားရောက်ကာ ပြည်မအပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရန် အရေးဆိုခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)တို့၏ ဗဟိုချက်ဖြစ်သော ပင်လုံမြို့လေးတွင် ပင်လုံညီလာခံကြီးကိုကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ထိုညီလာခံကြီးသို့တက်ရောက်၍ ပြည်မနှင့်တောင်တန်းဒေသပူးပေါင်းရေးကို ဆွေးနွေးကြသည်။ ဖေဖော်ဝါရီ ၁၁ ရက် ညနေတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပေါင်းစည်းညီညွတ်မှုကိုရရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောအဖွဲ့နှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့သည် တောင်တန်းဒေသများက ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူညီသောအချက် (၉) ချက် ပါဝင်သည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ပင်လုံစာချုပ်၏အကျိုးကျေးဇူးကြောင့် ဗြိတိသျှအစိုးရမှာ ပြည်မဒေသများနှင့်အတူ တောင်တန်းဒေသများကိုပါ တစ်ပြိုင်တည်းလွတ်လပ်ရေးပေးရန် သဘောတူရလေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ ပိုင်စိုးသောနိုင်ငံအဖြစ် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။

ပြည်ထောင်စုနေ့အခမ်းအနားများကို လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလတွင် သမ္မတကြီးများဖြစ်ကြသော စဝ်ရွှေသိုက်၊ ဒေါက်တာဘဦးနှင့် မန်းဝင်းမောင်တို့လက်ထက်တွင် ဗိုလ်ရှုခံအခမ်းအနားကိုကျင်းပခဲ့ကြသည်။ ၁၉၅၄ ခုနှစ်မှစတင်၍ ပြည်ထောင်စုအလံတော်ကို အလှည့်ကျရာ ပြည်နယ်၊ တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့သဘင်ကျင်းပချိန်ထိ ရန်ကုန်မြို့သို့ လက်ဆင့်ကမ်းသယ်ယူစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ပြည်နယ်၊ တိုင်းအသီးသီးမှဧည့်သည်တော်များကို တက်ရောက်စေခဲ့ပြီး မိမိတို့၏ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြသီဆိုကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရလက်ထက်တွင် ၂၀၂၂ ခုနှစ်(၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကို နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ပြည်ထောင်စုနေ့သည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်မြောက်ရေးအတွက် အုတ်မြစ်ချခဲ့သောနေ့တစ်နေ့ဖြစ်ခြင်း၊ သွေးစည်းညီညွတ်မှုကို ပြသနိုင်ခဲ့သောနေ့တစ်နေ့ဖြစ်ခြင်း၊ လွတ်လပ်ရေးရယူရန်အတွက် အရေးကြီးသောစာချုပ်ကို ချုပ်ဆိုခဲ့သော နေ့တစ်နေ့ဖြစ်ခြင်းတို့ကြောင့် တိုင်းရင်းသားအပေါင်းတို့အတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ကြီးဖြစ်ပေသည်။ ပင်လုံစာချုပ်သည်လည်း လွတ်လပ်ရေးရရှိရန်အတွက် အခြေခံထောက်တိုင်တစ်ခုဖြစ်ခဲ့သည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်အတွက် ဝိုင်းဝန်းစောင့်ရှောက်ရမည်ဖြစ်ရာ ပြည်ထောင်စုနေ့နှင့် ပင်လုံစာချုပ်သည် နိုင်ငံ၏ဂုဏ်ဒြပ်ကို ထည်ဝါခံ့ညားစေသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။

**ကိုးကား**

– **ဦးသန့်၏ ပြည်တော်သာစရိုး**

> ❖ ပင်လုံမြို့လေးတွင် ပင်လုံညီလာခံကြီးကိုကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ထိုညီလာခံကြီးသို့တက်ရောက်၍ ပြည်မနှင့်တောင်တန်းဒေသပူးပေါင်းရေးကို ဆွေးနွေးကြသည်။ ဖေဖော်ဝါရီ ၁၁ ရက် ညနေတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပေါင်းစည်းညီညွတ်မှုကိုရရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောအဖွဲ့နှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦး တို့သည် တောင်တန်းဒေသများက ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူညီသော အချက် (၉) ချက်ပါဝင်သည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ❖

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဩစတြေးလျနိုင်ငံက EA-18G Growler အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်များကို အဆင့်မြှင့်တင်ရန်လုပ်ဆောင်နေ



ဩစတြေးလျနိုင်ငံသည် ၎င်း၏ EA-18G Growler အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်များကို အဆင့်မြှင့်တင်ရန်အတွက် ဩစတြေးလျဒေါ်လာ ၂၇၇ သန်း (အမေရိကန်ဒေါ်လာ ၁၉၃ သန်း)ရင်းနှီးမြှုပ်နှံလုပ်ဆောင်နေကြောင်း သိရသည်။

စီမံကိန်းအဆင့် ၆ (Project AIR 5349 Phase 6) အောက်တွင် လုပ်ဆောင်လျက်ရှိသော အဆင့်မြှင့်တင်ပြုပြင်မွမ်းမံမှုများသည် ၎င်း၏ မဟာမိတ်အမေရိကန်နိုင်ငံနှင့်အတူ အဆင့်မြင့် Advanced Growler လေယာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရမည်ဖြစ်သည်။

ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ဒေါ်လာသန်းပေါင်းများစွာတန်သော အဆိုပါသဘောတူညီချက်သည် လက်ရှိ လေယာဉ်၏ ALQ-99 Tactical Jamming System နည်းပညာမြောက် နှောင့်ယှက်ဖိဖျက်ခြင်းစနစ်ကို အစားထိုးရန်အတွက် မျိုးဆက်သစ် Jammer လက်နက်စနစ်ကို ပေါင်းစပ်ထည့်သွင်းပေးမည်ဖြစ်သည်။

ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်အတွက် Growler ၏ အာရုံခံကိရိယာအစုံအလင်ကိုလည်း ခေတ်မီ၊ အဆင့်မြင့်အောင် ပြုလုပ်သွားမည်ဖြစ်သည်။

အယ်လ်ဘေးနီးယား အစိုးရသည် ကာကွယ်ရေးစက်မှုလုပ်ငန်း လုပ်ဖော်ကိုင်ဖက်များနှင့် အနီးကပ်လုပ်ဆောင်နေပြီး ဩစတြေးလျကုမ္ပဏီများသည် ဤစီမံကိန်းအကောင်အထည်ဖော်နေမှုတွင် တောက်လျှောက် ပါဝင်လုပ်ဆောင်သွားမည်ဟု ကာကွယ်ရေးဝန်ကြီး Pat Conroy က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ EA-18G Growler အီလက်ထရွန်နစ် စစ်ဆင်ရေးသုံးလေယာဉ်သည် ရေဒါများနှင့် ဆက်သွယ်ရေးစနစ်များကဲ့သို့ စစ်ဘက်ဆိုင်ရာ အီလက်ထရွန်နစ်စနစ် အများအပြားကို နှောင့်ယှက်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် တိုက်လေယာဉ်များအတွက် လုံခြုံရေးအန္တရာယ်များကို လျှော့ချပေးကာ လေယာဉ်မှူးများအတွက် လေကြောင်းအခြေအနေအရပ်ရပ်ကို ကြိုတင်သတိပြုမိစေမည်ဖြစ်သည်။

အဆိုပါလေယာဉ်သည် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၉၆၀ (၁၂၁၇မိုင်) နှင့် ပျံသန်းမှုအကွာအဝေး ကီလိုမီတာ ၁၅၇၀ (၉၇၅ မိုင်)ထိ ရောက်ရှိပျံသန်းနိုင်သည်။

အဆိုပါ အဆင့်မြှင့်တင်မှုသည် ဩစတြေးလျလေတပ်အနာဂတ်အတွက် အရေးပါသော ကမ္ဘာ့ထိပ်တန်းနည်းပညာများပံ့ပိုးပေးကာ နိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးတိုက်ခိုက်ရေးစွမ်းရည်ကို အားကောင်းစေမည်ဟု ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ တော်ဝင်လေတပ်သည် ပိုမိုရှုပ်ထွေးပြီး မသေချာမရေရာသည့် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကိုရင်ဆိုင်ရန် လိုအပ်သောထိပ်တန်းနည်းပညာကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း Pat Conroy က အလေးပေးပြောကြားခဲ့သည်။

လေယာဉ်အုပ်တစ်ခုလုံးကို ခေတ်မီအောင်ပြုလုပ်ခြင်းအပြင် စာချုပ်တွင် Amberley မြို့နှင့် Katherine မြို့အနီးရှိ Delamere လေကြောင်းလေ့ကျင့်ရေးစင်တာတို့တွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းများလည်း ပါဝင်နေသည်။

**Australia to Upgrade Growler Electronic Warfare Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က တရုတ်ပြည်မကြီးသို့ရောက်ရှိနိုင်သည့် ခရူဇ်ဒုံးကျည်သစ်ကို စမ်းသပ်ပစ်ခတ်ခဲ့

တရုတ်(တိုင်ပေ)၏ National Chung-Shan Institute of Science and Technology (NCSIST) သည် တရုတ်ပြည်မကြီးသို့ ရောက်ရှိနိုင်သည့် ခရူဇ်ဒုံးကျည်သစ်ကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဟောင်ကောင်အခြေစိုက် South China Morning Post သတင်းစာ၏ အစီရင်ခံစာအရ သိရသည်။

Hsiung Feng 2E အမည်ရှိ မြေပြင်တိုက်ခိုက်ရေးခရူဇ်ဒုံးကျည်၏ တာဝေးပစ်အကွာအဝေးရရှိသည့် ဗားရှင်းတစ်မျိုးဟု ဆိုရမည့် အဆိုပါဒုံးလက်နက်ကို ကျွန်း၏ တောင်ဘက်စွန်း ပင်တုံခရိုင်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်သည် အမြင့် ၃၀ ကီလိုမီတာ (၁၈ ဒသမ ၆ မိုင်)တွင် ကီလိုမီတာ ၃၀၀(၁၈၆မိုင်)ထိ ပျံသန်းခဲ့ကြောင်း သိရသည်။

ဒုံးကျည်၏ အမြင့်ဆုံးအကွာအဝေးသည် ကီလိုမီတာ ၁၂၀၀ (၇၄၅မိုင်) ထိ ရောက်ရှိနိုင်ပြီး တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့နှင့် အရှေ့ဘက်ကမ်းရိုးတန်းရှိ Qingdao တို့ကို ထိမှန်ဖျက်ဆီးရန် လုံလောက်သောအကွာအဝေးဖြစ်သည်။

တရုတ်(တိုင်ပေ) NCSIST အင်စတီကျူက အဆိုပါလက်နက်ကို လူသိရှင်ကြား မဖော်ထုတ်ခဲ့သော်လည်း ၎င်းသည် Hsiung Sheng ဒုံးကျည်၏ဗားရှင်း(မျိုးကွဲ)အသစ်ဖြစ်သည်ဟု လေ့လာသူများကဆိုကြသည်။ တရုတ်နိုင်ငံ(ပေကျင်း)နှင့်တင်းမာမှုများတိုးလာနေချိန်တွင် နောက်ထပ်စမ်းသပ်မှုလေးခုကို ယခုလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုသီတင်းပတ်အစောပိုင်းတွင် Liberty Times ၏ဖော်ပြချက်အရ တရုတ်(တိုင်ပေ)သည် ယခုနှစ်ကုန်၌ ဒုံးကျည်အစင်းရေ ၁၀၀၀ ကျော်ထိ တိုးမြှင့်ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း ဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ)သည် ၎င်း၏လေကြောင်းရန်ကာကွယ်ရေးကို ဆက်လက်အားကောင်းစေရန် ဆက်လက်လုပ်ဆောင်နေသကဲ့သို့ ၂၀၂၂ ခုနှစ်တွင် ဒုံးကျည်ပေါင်း ၈၀၀ ကျော် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

National Chung-Shan Institute of Science and Technology(NCSIST) တွင် လက်ရှိအနေအထား၌ Wan Chien၊ Hsiung Sheng နှင့် Sky Bow III အပါအဝင် အမျိုးမျိုးသော ဒုံးကျည်များအတွက် ထုတ်လုပ်မှုစက်ရုံ ၁၆ ခုထိ လုပ်ဆောင်လျက်ရှိသည်။

တရုတ်(တိုင်ပေ)သည် စွမ်းအားမြင့်ဒုံးကျည်များထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ထုတ်လုပ်နိုင်စေမည့် အစုလိုက်အပြုံလိုက်ထုတ်လုပ်နိုင်ရန် စက်ရုံများကိုတည်ထောင်ခဲ့ခြင်းလည်းဖြစ်သည်။



**Taiwan Test-Fires Cruise Missile That Can Reach Mainland China: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီက ဆလိုဗက်ကီးယားနိုင်ငံကို Mantis လေကြောင်းရန်ကာကွယ်ရေးစနစ်နှစ်စုံ ပေးအပ်မည်



ဂျာမနီသည် ဆလိုဗက်ကီးယားနှင့် ယူကရိန်းအရှေ့ပိုင်းနယ်စပ်ကို ကာကွယ်ရန်အတွက် Mantis လေကြောင်းရန်ကာကွယ်ရေးစနစ်နှစ်စုံကို ပေးအပ်မည်ဖြစ်ကြောင်း ဆလိုဗက်ကီးယားကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဆလိုဗက်ကီးယားနိုင်ငံက စနစ်များကို အပြီးအပိုင်ရရှိလိမ့်မည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Martina Kakascikova က AFP သို့ ပြောကြားခဲ့သည်။

"ဆလိုဗက်ကီးယားက စစ်သည်တွေ ဒီစနစ်ကို အသုံးပြုဖို့သင်တန်းပေးလေ့ကျင့်ရေးက လာမဲ့လထဲမှာ စတင်မှာပါ"ဟု ဆလိုဗက်ကီးယား ကာကွယ်ရေးဝန်ကြီး Jaroslav Nad က Facebook တွင် ရေးသားထားသည်။

သို့သော် ကာကွယ်ရေးဝန်ကြီးဌာနသည် ဥရောပသမဂ္ဂနှင့် NATO အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဆလိုဗက်ကီးယားတွင် စနစ်ရောက်ရှိမည့်ရက်ကို သတ်မှတ်ပြောကြားခဲ့ခြင်းမရှိပေ။

ဤခေတ်မီစနစ်များကိုပေးအပ်နိုင်ရေးသဘောတူညီချက်သည် ယူကရိန်းအတွက် ကျွန်ုပ်တို့၏ ပြတ်ပြတ်သားသားပံ့ပိုးကူညီမှုနှင့် မဟာမိတ်အဖွဲ့၏ တာဝန်သိသော လုပ်ဆောင်ချက်တစ်ရပ်ကို ကျေးဇူးတင်ရှိပါသည်ဟု Jaroslav Nad က ပြောကြားခဲ့သည်။

Jaroslav Nad ၏အဆိုအရ အဆိုပါစနစ်များသည် ယူရိုသန်း ၁၂၀ ခန့် တန်ကြေးရှိသည်။ စနစ်နှစ်စုံပေးအပ်သွားမည်ဖြစ်ပြီး တစ်ခုစီတွင် အလိုအလျောက်ပစ်ခတ်နိုင်သည့် လက်နက်စခန်း Weapon Station ရှစ်ခု၊ ရေဒါနှစ်ခုနှင့်ကွပ်ကဲထိန်းချုပ်ရေးဌာနတစ်ခုတို့ ပါဝင်ဖွဲ့စည်းထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဂျာမနီနိုင်ငံထုတ် အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အကွာအဝေးကီလိုမီတာ ၁၀၀(မိုင် ၆၀)ထိ လွှမ်းခြုံထောက်လှမ်းနိုင်စွမ်းရှိသည့် ရေဒါတစ်ခုလည်းပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Martina Kakascikova က ပြောကြားခဲ့သည်။

Mantis လက်နက်စနစ်သည် အခြေစိုက် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်သည်။ ၎င်းသည် RAM ဟုခေါ်သော ဒုံးကျည်၊ အမြောက်များနှင့် မော်တာများ စသည်တို့ကို တုံ့ပြန်ဖျက်ဆီးနိုင်ပြီး အရေးကြီးအခြေခံအဆောက်အအုံများကို ဒရုန်းများနှင့် ခရူဇ်ဒုံးကျည်များရန်မှ ကာကွယ်နိုင်စွမ်းရှိသည်။

**Germany to Give Slovakia Mantis Air Defense Systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 76th Anniversary of Union Day 2023

## 12 February 2023

**Esteemed ethnic national brethren of the Union,**

On the auspicious occasion of the 76th Anniversary of Union Day which falls on 12 February 2023 today, I wish all ethnic national brethren of the Union who have been living in the Republic of the Union of Myanmar together physical and mental happiness and prosperity.

As all ethnic national brethren have been residing in the Republic of the Union of Myanmar in unison, the Union has been firmly standing tall in the world with prestige for thousands of years. Nonetheless, as capitalist invaders severally wadged aggressive wars over Myanmar, the whole country of Myanmar fell under colonialist British as from 1886. The colonialists raised the administrative power to the main land under the Governmet of Burma Act in 1935, it left the hilly regions in order to separately govern the hilly regions and the main land.

Restrictions were imposed on the people from the main land not to visit the Shan State as the border act was enacted. That is why the people from both hilly regions and the main land missed the chance to contact each other, and they were too far but areas were close to each other. In passing the long time, the instigation of imperialists wadged suspicions and disbelief among the ethnic people. Up to now, everybody knows that all our ethnic people are suffereing with bad impacts of such consequences.

British Governor Sir Dorman-Smith released the White Paper on 17 May 1945, mentioning that the independence shall be granted for the main land but the hilly region shall be placed under the British rule. General Aung San held meetings with national leaders in Panglong in 1946 and unanimously demanded to grant the independence for both hilly regions and main land together without absolutely accepting the White Paper.

On 12 February 1947, a total of 23 ethnic leaders including General Aung San signed the Panglong Agreement comprising nine unification points for hilly regions and the main land as part of laying the cornerstones to forge the national unity between the hilly regions and the main land. Hence, the government recognized and designated 12 February as the **Union Day** when the Panglong Agreement in which the unity of ethnic nationals conceived was signed.

In fact, the Union Day shows the unity of Union ethnic people residing in Myanmar to the world. In accord with the motto **"Unity is Victory"**, entire ethnic people escaped from the colonial rule on 4 January 1948, and the country regained independence as a sovereign country. Celebrating the victorious ceremonies for independence as a heritage of the Union has been held on a grand scale as the Diamond Jubilee Independence Day on 4 January 2023. Currently, the Union heritage based on solidarity of the ethnic people turned 76 years.

Only when all ethnic people of the Union are to safeguard the independence with the Union spirit in successive eras with the Union spirit will it be perpetual. Hence, I would like to urge all to strive for perpetual existence of the national unity and the Union through the internal strength.

**Esteemed ethnic national brethren of the Union,**

As a consequence of the instigation of the colonialists, all ethnic national brethren did not fully enjoy the essence of independence, and controversies in attitudes and armed conflicts are happening till today. All ethnic people ar join hands and honestly and transparently hold negotiations among them to restore perpetual peace, to cease armed conflicts across the nation and to fully enjoy essence of peace.

It is necessary to take lessons from the disunity and conflicts among the ethnics and the people due to racism, personal cult and dogmatism in the history of the country in building the Union based on democracy and federalism. Discriminating, setting aside and attacking the persons as enemies for different attitudes and concepts are not in conformity with the democratic system. Likewise, localism and personal cut may cause disunity and harm the country to disintegrate, so I would like to urge all to deeply consider integration for harmonizing the diversity.

The State Administration Council since its assumption of the State responsibilities in accord with the State Constitution (2008) has been emphasizing the ending of local armed conflicts for ensuring national unity and peace which are actual needs for the State. It will strive for securing success in a point of five-point roadmap **"Priority will be accorded to work aligned with the agreements set out in the Nationwide Ceasefire Agreement, in order to achieve enduring peace for the entire nation"**. The Tatmadaw one-sidedly suspended the ceasefire from 21 December 2018 to the end of 2022 for implementing the Nationwide Ceasefire Agreement (NCA) through the talks with ethnic armed organizations. Moreover, as the ceasefire was suspended for the whole 2023, it is necessary to make efforts for ceasing the internal armed conflicts through the talks for the sake of the nation and the people.

All citizens are to participate in initiating two political objectives such as exercising the genuine, disciplined multiparty democratic system and restoring peace which plays a crucial role in building the Union based on democracy and federalism.

As per the last point of the Roadmap, which says, **"Upon accomplishing the provisions of the state of emergency, free and fair multiparty democratic general elections will be held in line with the Constitution (2008), and further work will be undertaken to hand over State duties to the winning party in accordance with democratic standards"** the SAC has been striving to lay the foundation and create a favourable situation to hold a free and fair election at all levels. In so doing, SAC declared 2022 "the year of peace" and is exerting efforts to end internal armed conflicts and achieve perpetual peace through the ongoing peace talks it is holding with EAOs. However, various internal/external interferences and the relevant persons' failure to take into account the interest of the nation and people, the country is still far from achieving peace and stability and is in a painful and worrisome situation. I would urge the entire nation to play their role in helping enable the relevant organizations and persons and all the national people to realize their goal in accord with the motto, "Keep Moving Forward to Achieve Our Goal."

**Esteemed national brethren of the Union,**

Wisdom and sincerity of the entire people plays the pivotal role in building a new democratic nation that is enjoying tranquility, modernity and progress. All must pay attention more to the interest of the entire Union than their own. Only with the objective vision to weigh whether his deeds and stand are right or wrong and good or bad, can a person truly benefit the nation and people. We need to instill correct thoughts, knowledge, patriotism and Union spirit into the youths who will assume the relayed future responsibility of the entire nation and people. In this regard, children of the people and youths should be nurtured to become jewels of the future, imbued with the five noble strengths. **The national prosperity and food sufficiency** are the two adopted national tasks the government in office is implementing at present. Socioeconomic development and a healthy economy are the basic factors for peace, stability and progress of a country. Our country where rural people are the majority must prioritize a farming-based economy, while trying to develop other businesses. The State is placing emphasis on the success of farming and micro, small and medium enterprises, creation of job opportunities and income generation. Human resources development is the key to economic development of our country which is rich in natural resources and has favourable economic foundations. The State has added farming and industrial subjects in the curriculum of one school each in the high schools of 50 districts as a support for rural economy and MSME. It is also making arrangements for outstanding students to pursue higher studies. Relevant persons and officials of both the private and government sectors should make collective efforts for socioeconomic development of the national people and economic progress of the State. The program will be further extended in the remaining districts. The State is addressing sector-wise requirements in fully developing every corner including ethnic areas of the entire country. National brethren should fully grab this opportunity and should fully apply it in their collective endeavours.

**Esteemed national brethren of the Union,**

The Republic of Myanmar is a Union where all its children, the national people, are living in weal and woe and in unity. The main goal is the building of a Union based on democracy and federalism through love and unity and united efforts of national brethren under the genuine, disciplined multiparty democracy system. SAC has been successfully implementing the adopted five-point Roadmap and 12 Objectives. Sadly, internal/external destructionist and terrorist groups are generating instigations with the intention of spoiling the interest of the country and people. At the same time, they are enticing the people to embrace wrong ideas and views and commit wrongdoings. With their reasoning power, all must be aware of the dangers that may befall the nation and the people because of the multiple means of alien neocolonialist interference committed with the intention of breaking up national unity, and self-seekers. The current period calls for energetic and cooperative efforts for non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty.

Through this message, I urge all to share the fruits of the Union in harmony, and with the Union spirit and unity, all should successfully implement the National Objectives for 76th Anniversary of Union Day 2023:

1. To strive for the perpetual existence of national solidarity and perpetuity of the Union through the internal strength
2. To make collaborative efforts of all ethnic nationals to restore perpetual and durable peace
3. To join hands in harmony for ensuring the prosperity and food sufficiency of the nation as two national plans through the Union spirit
4. To help develop all regions and states on equal terms and increase employment opportunities with ensuring the health and fitness of the entire National people
5. To practise the genuine, discipline-flourishing multiparty democratic system through fraternity, solidarity and united endeavours of all ethnic national brethren for building the Union based on democratic and federal systems.

Senior General Thadoe Maha Thray Sithu
Thado Thiri Thudhamma Min Aung Hlaing
Prime Minister
Chairman of State Administration Council

# Auspicious ceremony to put 4th part of Maravijaya Buddha Image on top of Yadana Throne held





Senior General Min Aung Hlaing takes part in the auspicious ceremony to put 4th part of Maravijaya Buddha Image on top of Yadana Throne.

**Nay Pyi Taw February 11**


A holy and auspicious ceremony to put the 4th part of Maravijaya Buddha Image on top of the Yadana Throne was held this morning at Buddha Park in Dekkhinathiri Township, Nay Pyi Taw, Union Territory, where the image is being placed.

Present at the ceremony were Sayadaws led by State Ovadacariya Sayadaw Abhidhaja Maha Rattha Guru Bhaddanta Acinna of Maha Thihanada Monastery in Tatkon, Sayadaw Abhidhaja Maha Saddhamma Jotika Bhaddanta Pantita of Intha Ashay Monastery, Leway, Region Ovadacariya Sayadaw Abhidhaja Maha Rattha Guru Bhaddanta Ardiccavasa of Weigyi Pariyatti School, Pobbathiri Township, and – Buddha Image Erection Ovadacariya Patron Sayadaw Agga Maha Pantita Agga Maha Saddhamma Jotikadhaja Bhaddanta Vimalabuddhi of Mingala Zeyon Monsatery, Pali Tekkatho, Pyinmana, the main Donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the Joint Secretary and members, Union ministers, the Nay Pyi Taw Council chairman, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, distinguished guests and members of religious associations.

The ceremony was opened by reciting namotassa three times. Then a song praising the virtues of Maravijaya Buddha Image was sung, conch shell was blown and gongs were beaten three times to mark the auspiciousness and success of the ceremony. After revering the parittas recited by Sayadaws, donors recited Ratanattya Puja and Sabbasingaha mantras in chorus.

Led by Sayadaws, the main donor Senior General Min Aung Hlaing and party took positions near the Yadana Throne. They then sprinkled scented water on the large steel case in which the 4th part of the Image was placed, and three areas of the gantry crane that would put the Image on the throne.

Master of ceremonies read out Mingala Akhadaw, and *See Page 14*



A Sayadaw sprinkles scented water on Yadana Throne.



A Sayadaw sprinkles scented water on gantry crane that is putting the Image on the throne part by part.



A Sayadaw sprinkles scented water.



Senior General Min Aung Hlaing sprinkles scented water on gantry crane that is putting the Image on the throne part by part.



The auspicious ceremony to put the 4th part of Maravijaya Buddha Image on top of the Yadana Throne in progress.

*From Page 13*

at the auscipious time, the Senior General pressed the button to put the 4th part of the Image on the throne with auspicious machines.

While the task of putting the 4th part of the Image on the throne was being carried out phase by phase, the congregation led by Sayadaws recited religious verses to mark the auspiciousness and success of the ceremony.

The Yadana Throne is 18 feet high, 72 feet long and 54 feet wide. The total weight of the 4th part of the Image is 500 tons. The 4th part of the Image was put onto the throne by using the gantry crane.

The congregation shared the merits gained by reading out Aungsu Mingala and recited Buddha sasanamciratithatu three times to mark the conclusion of the ceremony. Religious rites were performed to mark the success of the ceremony.

The erection of Maravijaya Buddha Image has four objectives – **to show the world that Theravada Buddhism is flourishing in Myanmar, for national peace and prosperity, regional development through the visits of local and foreign pilgrims, and to support national development.**

The large section of the Image which is a combination of parts 1/2/3 is 1700 tons. The task of putting the large section on the throne began at the auspicious time on 26 January and completed on 31 January. Jewelry and precious items donated by the main donor Senior General Min Aung Haling and other donors and well-wishers in the entire country were successfully enshrined in the reliquaries at the centre point on the Yadana Throne at the ceremonies held on 27 January and 10 February. Donors and people of the entire Republic of Union of Myanmar rejoiced at the donations and said Sadhu.

The task of putting the 4th part of the Image on the throne is being carried out phase by phase. In the late evenings, lights were offered at stone tablet pagodas, fountain squares, pagoda platform, rest houses, and main entrance road for public reverence. 100

# Myanmar pockets more than US$13.559 billion of export income till end of January 2023

**Nay Pyi Taw February 11**

The Trade Policy Branch of the Trade Department under the Ministry of Commerce stated that Myanmar has bagged US$13,559.28 million of export income from April 2022 to end of January 2023 in the 2022-23 fiscal year.

During the period, export of agricultural produce earned US$3,100 million, animal products US$19.23 million, marine products US$613.59 million, minerals US$288.38 million, forest products US$123.82 million, finished industrial goods US$9,100 million and other sectors US$314.26 million, totally amounting to US$13,559.28 million, said deputy director Daw Cho Thet Mu of the Trade Policy Branch.

"Among the exporting the various items, export of marine products and forest products secured the highest income. This fiscal year, exportation primarily led to Thailand through border land and export volume of of finished industrial goods was the largest," said the deputy director.

Myanmar operates trading with China, Thailand, India and other countries in exportation of agricultural produce, forest products, marine products and other items and importation of fuel, cooking oil, steel wares, fertilizers, dairy products and other goods.

ASH

# Floor price of sugarcane rises to K95,000 per ton in the sugarcane crushing season

**Nay Pyi Taw February 11**

This high season, the floor price of sugarcane is set at K95,000 per ton, and the export volume of sugarcane is on the rise to China via land border, said CEC member U Thein Tin Htoo of Myanmar Sugar and Sugarcane Products Entrepreneurs Association (Bago Region).

This season, sugarcane price is set at K80,000 per ton. But, Mongyei sugar mill and Ngweyi Pearl sugar mill purchased K90,000 per ton of sugarcane in Mongyai Township of Lashio District in northern Shan State. Currently, as export volume of sugarcane to China is rising through border trade route, price of sugarcane increased to K95,000 per ton in February 2023.

"In the previous sugarcane crushing season, price of sugarcane was set at K50,000 to K64,000 per ton. This year, price of sugar increases as well as export volume of sugarcane to China is rising. So, price of sugarcane is increased. As Chinese authorities eased restrictions with opening the border gates, Myanmar drivers are allowed to drive the trucks of commodities into China. So, trade flow is speedier. Myanmar's sugarcane can be directly sent to the Chinese sugar mills," he added.

It is scheduled to export some 160,000 tons of sugarcane to China via Chinshwehaw border trade camp this year, and some 300 truckloads of sugarcane are being sent to Namhua sugar mill in Meng Ding of Yunnan Province on a daily basis.

Sugarcane is planted in Sagaing Region and northern Shan State. Some sown acreage are located in Bago and Mandalay regions. The whole country produces some 500,000 tons of sugar per year.

A total of 23 sugar mills and 129 small and medium sugar mills are being operated across the nation to crush sugarcane from products of 450,000 acres of sugarcane, producing some 500,000 tons of sugar. ASH



Trucks seen loaded with sugarcanes.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





ဆရာတော်ကြီးများနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က ရတနာပလ္လင်တော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်စဉ်။





ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် သမန္တာမှစ၍ မေတ္တသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို တက်ရောက်လာကြသည့်ဧည့်ပရိသတ်များက နာယူကြည်ညိုကြစဉ်။





ဆရာတော်ကြီးများနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဆင်းတုတော်အပိုင်း(၄)အား ထည့်သွင်းထားသည့် သံမဏိရတနာပန်းတောင်းတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်စဉ်။





ဆရာတော်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်းအား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်စဉ်။



☆ **ကျောဖုံးမှအဆက်**


ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မာရဝိဇယဗုဒ္ဓပူဇာဘွဲ့သီချင်းဖြင့် သီကျူးပူဇော်၍ မင်္ဂလာငွေခရူ အောင်စည်အောင်မောင်းတို့ကို အောင်ကြောင်းမင်္ဂလာအဖြစ် သုံးကြိမ်တီးခတ်ပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် သမန္တာမှစ၍ မေတ္တသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို နာယူကြည်ညိုကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာ ဂါထာတော်နှင့် သစ္စသဂီတက မေတ္တာပို့လင်္ကာတို့ကို သံပြိုင်ညီညာရွတ်ဆို ပွားများပူဇော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများ အမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာပလ္လင်တော်အနီးရှိ သတ်မှတ်နေရာများတွင်နေရာယူကြပြီး ရတနာပလ္လင်တော်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဆင်းတုတော်အပိုင်း(၄)အားထည့်သွင်းထားသည့် သံမဏိရတနာပန်းတောင်းတော်နှင့် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်းနေရာသုံးခုတို့ကို ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်သည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တော်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့်

**စာမျက်နှာ ၁၉ သို့**



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ညချမ်းအချိန်အခါတွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ညချမ်းအချိန်အခါတွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြ၍ ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီအဓွန့်ရှည် တည်တံ့ခိုင်မြဲစွာ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေနိုင်ခဲ့ပါသည်။ သို့သော်လည်း အရင်းရှင်နယ်ချဲ့တို့၏ အကြိမ်ကြိမ် မတရားကျူးကျော်တိုက်ခိုက်မှုများကြောင့် ၁၈၈၆ ခုနှစ်မှစ၍ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ တစ်နိုင်ငံလုံး ကျရောက်ခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ၁၉၃၅ ခုနှစ်တွင် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ ပြည်မတွင် အုပ်ချုပ်ရေးအာဏာကို တိုးမြှင့်ပေးခဲ့သော်လည်း တောင်တန်းဒေသများကို ချန်လှပ်ထားခဲ့ကာ တောင်တန်းပြည်မခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ နယ်ခြားဒေသဖြတ်သန်းရေးအက်ဥပဒေပြဋ္ဌာန်းပြီး ရှမ်းပြည်နယ်အတွင်းသို့ ပြည်မမှလူများ သွားရောက်ခြင်း မပြုနိုင်အောင် ကန့်သတ်ထားခဲ့ပါသည်။ ထို့ကြောင့် တောင်တန်းနှင့်ပြည်မ ကူးလူးဆက်ဆံခွင့်မရ၊ နီးလျက်နှင့်ဝေးခဲ့ကြရပါသည်။ အချိန်ကြာလာသည်နှင့်အမျှ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တိုင်းရင်းသားအချင်းချင်း သံသယပွား၊ မယုံကြည်မှုများဖြစ်ပွားလာခဲ့ကာ ယခုအချိန်အထိ ၎င်း၏အကျိုးဆက်ကို ကျွန်တော်တို့တိုင်းရင်းသားပြည်သူအားလုံး ခံစားနေကြရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

၁၉၄၅ ခုနှစ် မေ ၁၇ ရက်တွင် ဗြိတိသျှအစိုးရဘုရင်ခံ ဆာဒေါ်မန်စမစ်က စက္ကူဖြူစာတမ်းထုတ်ပြန်ခဲ့ပြီး ပြည်မကိုသာ လွတ်လပ်ရေးပေးမည်၊ တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်သွားမည်ဟု ဖော်ပြခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးကာ စက္ကူဖြူစာတမ်းကို လုံးဝလက်မခံဘဲ တောင်တန်းပြည်မ အတူတကွလွတ်လပ်ရေးပေးရန် တညီတညွတ်တည်း တောင်းဆိုခဲ့ကြပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တောင်တန်းပြည်မ ပေါင်းစည်းရေး အချက်ကိုးချက်ပါဝင်သည့် ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး ၂၃ ဦးက လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် မြန်မာနိုင်ငံတွင် တောင်တန်းပြည်မ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချနိုင်ခဲ့ပါသည်။ ယင်းကဲ့သို့ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုသန္နိဋ္ဌာန်ချခဲ့သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဖေဖော်ဝါရီ ၁၂ ရက်ကို **"ပြည်ထောင်စုနေ့"**ဟု နိုင်ငံတော်အစိုးရက အသိအမှတ်ပြု သတ်မှတ်ပေးခဲ့ပါသည်။

ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ကမ္ဘာကသိအောင် ဖော်ကျူးခဲ့သောနေ့ဖြစ်ပါသည်။ **"စည်းလုံးညီညာအောင်ကြောင်းဖြာ"** ဆိုသည့်အတိုင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပါသည်။ ပြည်ထောင်စုအမွေဖြစ်သော လွတ်လပ်ရေးအောင်ပွဲအခမ်းအနားများကို ကျင်းပနိုင်ခဲ့သည်မှာလည်း ယခုဆိုလျှင် စိန်ရတုကာလကို ကျော်လွန်ခဲ့ပြီဖြစ်ကာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ ယနေ့အခါတွင် တိုင်းရင်းသားပြည်သူတို့၏ သွေးစည်းညီညွတ်မှုကိုအခြေခံသော ပြည်ထောင်စုနေ့ အမွေအနှစ်မှာ ၇၆ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

သမိုင်းအစဉ်အဆက်ထိန်းသိမ်းရန်ဖြစ်သော လွတ်လပ်ရေးကို ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှသာ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးကို ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ကြရန် လိုအပ်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု အကျိုးဆက်အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးမှာ လွတ်လပ်ရေး၏ အနှစ်သာရကို အပြည့်အဝမခံစားခဲ့ကြရဘဲ ယနေ့တိုင်သဘောထားကွဲလွဲမှုများ၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိပါသည်။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိစေရန်၊ တစ်နိုင်ငံလုံးလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန်နှင့် ငြိမ်းချမ်းရေး၏အရသာကို အပြည့်အဝခံစားနိုင်ရန် တိုင်းရင်းသားအားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြရန်လိုပါသည်။

မိမိတို့နိုင်ငံသမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်ပါသည်။ မိမိ၏ အယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အန္တရာယ်ကို ဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထိန်းသိမ်းတာဝန်ယူစဉ်ကတည်းကပင် နိုင်ငံတော်၏ ပကတိလိုအပ်ချက်များဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ **"တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့် လုပ်ငန်းစဉ်ကို အောင်မြင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်အနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်မှတစ်ဆင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစပြီး ၂၀၂၂ ခုနှစ်နှစ်ကုန်ထိ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးခဲ့ပါသည်။ ဆက်လက်ပြီး ၂၀၂၃ ခုနှစ် တစ်နှစ်လုံးအပစ်အခတ်ရပ်စဲပေးထားပြီးဖြစ်ရာ နိုင်ငံနှင့်ပြည်သူအကျိုးကို ရှေးရှုပြီး တွေ့ဆုံဆွေးနွေးမှုများမှ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ပဓာနကျသောငြိမ်းချမ်းရေးကို နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ပူးပေါင်းပါဝင်တည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သော **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အတိုင်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ရေး လိုအပ်သည့်အခြေခံအချက်များ၊ အခြေအနေဖန်တီးမှုများကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပ စွက်ဖက်မှုပယောဂအမျိုးမျိုးနှင့် သက်ဆိုင်သူများ၏ နိုင်ငံနှင့် ပြည်သူအကျိုးကို စဉ်းစားလုပ်ဆောင်ရန် လိုအပ်ချက်တို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် အလှမ်းကွာဝေးဆဲဖြစ်ရာ နိုင်ငံအတွက် ဝမ်းနည်းဖွယ်ရာ၊ စိတ်မကောင်းရင်လေးဖွယ်ရာဖြစ်နေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားပြည်သူများအားလုံးက ရှေ့သို့ချီမည် ပန်းတိုင်ဆီ- Keep Moving Forward to Achieve Our Goal ဟူသည့်အတိုင်း မိမိတို့မျှော်မှန်းသည့်ပန်းတိုင်သို့ ရောက်ရှိစေရန် ပြည်သူများအားလုံးက ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းလက်တွဲ၍ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အဓိကကျပါသည်။ မိမိတို့၏ အကျိုးစီးပွားထက် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို ချိန်ထိုးစဉ်းစားလုပ်ဆောင်ကြရန်လိုပါသည်။ မိမိတို့၏ရပ်တည်ဆောင်ရွက်မှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျဖြင့် အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြမှသာ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုရာရောက်မည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏အနာဂတ်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များကို အတွေးအခေါ် အယူအဆ မှန်ကန်စေရေး၊ အသိပညာဗဟုသုတ ဖြန့်ဝေစေရေး၊ နိုင်ငံကို ချစ်သည့်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရေးတို့ကို ဖန်တီးဖော်ဆောင်ပေးကြရန်လိုအပ်ပါသည်။ ထို့ကြောင့်မိမိတို့၏ သားသမီးများ၊ လူငယ်လူရွယ်များကို ဗလငါးတန်ပြည့်ဝသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျွန်တော်တို့အနေဖြင့် နိုင်ငံတော်ကို တာဝန်ယူစဉ်အတွင်းတွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ခုတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးအရ တောင့်တင်းခိုင်မာမှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းတရားဖြစ်ပါသည်။ ကျေးလက်နေပြည်သူအများစုရှိသော မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး ကျန်စီးပွားရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေးနှင့် ဝင်ငွေတိုးတက်စေရေးတို့ကို နိုင်ငံတော်က အလေးထားအားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သယံဇာတပေါကြွယ်ဝပြီး စီးပွားရေးအခြေခံကောင်းများရှိသည့် မိမိတို့နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံတော်က ကျေးလက်စီးပွားရေးနှင့် MSME လုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန် ခရိုင် ၅၀ ရှိ အထက်တန်းကျောင်းတစ်ကျောင်းစီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို တွဲဖက်သင်ကြားပေးပြီး ထူးချွန်သူများကို အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကနှင့် အစိုးရတို့မှ သက်ဆိုင်သူ၊ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြရန်လိုအပ်ပါသည်။ ဆက်လက်၍လည်း ခရိုင်အားလုံးတွင် တိုးချဲ့ဖွင့်လှစ်သွားပါမည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ယင်းအခွင့်အရေးကို အမိအရရယူပြီး အပြည့်အဝအသုံးချ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်အတူတကွ ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၁၂)ရပ်တို့ကို ချမှတ်၍ ၎င်းလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်အောင် **စာမျက်နှာ ၁၉ သို့**



**စာမျက်နှာ ၁၇ မှအဆက်**

စတင်ပင့်ဆောင်ပူဇော်သည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်းလုပ်ငန်းများကို လုပ်ငန်းစဉ်အလိုက် ဆက်လက်ဆောင်ရွက်ရာ သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ **“ဇယန္တော ဗောဓိယာမူလေ”** အစချီသည့် ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ရာတွင် ရတနာပလ္လင်တော်သည် အမြင့် ၁၈ ပေ၊ အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိကာ ယနေ့ပင့်ဆောင်သည့် ဆင်းတုတော်အပိုင်း(၄)၏ စုစုပေါင်းအလေးချိန်မှာ တန် ၅၀၀ ဖြစ်ကြောင်း၊ အဆိုပါ ဆင်းတုတော်အစိတ်အပိုင်းကြီးအား သံမဏိမျှော်စင်ဝန်ချီစက် အသုံးပြု၍ ရတနာပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး အောင်ဆုမင်္ဂလာအမွှေစောတမ်းလွှာဖတ်ကြား၍ မေတ္တာပို့အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကာ မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ “မာရဝိဇယ”ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်း** ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင်လည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက် ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားများကို ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် အောင်မြင်စွာ ပြုလုပ်ပြီးစီးခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ၊ ပြည်သူပြည်သားများအားလုံး ဝမ်းမြောက်နှမော်သာဓုခေါ် ဆိုခဲ့ကြကြောင်း။







မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆရာတော်ကြီးများက ဖူးမြော်ကြည်ညိုစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးစဉ်။

**တောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည် အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု ဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်**စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ရှိပြီး ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ယနေ့တွင် ရတနာပလ္လင်တော်ထက်သို့ ဆက်လက်ပင့်ဆောင်ပူဇော်ရန် ကျန်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာ မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပင့်ဆောင်ပူဇော်ခြင်းလုပ်ငန်းများ လုပ်ငန်းများကို လုပ်ငန်းစဉ်အလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ညချမ်းချိန်ခါများတွင်လည်း မာရဝိဇယ ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့၌ အများပြည်သူကြည်ညို သပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေး ပူဇော်ထားရှိကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၈ မှအဆက်**

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့သော်လည်း ယခုအချိန်တွင် မိမိတို့နိုင်ငံနှင့် နိုင်ငံသားတိုင်းရင်းသားပြည်သူလူထု၏ အကျိုးကို ပျက်စီးဆုံးရှုံးစေလိုကြသည့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများနှင့် အကြမ်းဖက်အင်အားစုများက သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်နေကြသကဲ့သို့ ပြည်သူလူထုအတွင်း အတွေးမှား၊ အမြင်မှား၊ လုပ်ရပ်မှားများ ဖြစ်ပေါ်လာစေရန် အတွက်လည်း သွေးဆောင်စည်းရုံးမှုများ လုပ်ဆောင်လျက်ရှိနေပါသည်။ ထို့ပြင် နိုင်ငံအတွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် ပြုလုပ်နေကြသော ကိုလိုနီလက်သစ် ပြည်ပစွက်ဖက်မှုများနှင့် အတ္တအကျိုးစီးပွားကိုသာ ရှေးရှုလုပ်ဆောင်နေကြသူများကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက်အန္တရာယ်ကို ဆင်ခြင်တုံတရားဖြင့် သတိထားကြရန် လိုအပ်ပါသည်။ လက်ရှိအချိန်ကာလတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါကြောင်း အသိပေးမှာကြားလိုပါသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော -

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး၊

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး၊

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဆောင်ရွက်ပေးရေး၊

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊

တို့ကို အောင်မြင်အောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးချစ်ကြည်စွာ အကောင်ထည်ဖော်လျက် တိုင်းရင်းသားအချင်းချင်း ပေါင်းစုညီညာစည်းလုံးစွာဖြင့် ပြည်ထောင်စု၏ အသီးအပွင့်များကို မျှဝေခံစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး(မန္တလေး)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး (မန္တလေး) ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။**

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး(မန္တလေး)တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး (မန္တလေး)ဝင်းအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လူအား၊ စက်ယန္တရားအင်အားတို့ဖြင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများမှ နုန်းစာများဆယ်ယူခြင်း၊အပင်ကြီးများ အလင်းဖွင့်ခြင်းတို့ကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်(မန္တလေး) ဇီဝကခန်းမ၌ ကျင်းပသည့် ဆေးပညာအခြေခံနှစ်(၁၀/၂၀၂၂)တွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများက ထာဝရမြန်မာဂုဏ်ပြုသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးတွင်ပါဝင်သည့် နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့်ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် လူသားများ၏ ကျန်းမာရေးအတွက် ဆေးပညာရပ်များကို သင်ကြားနေသူများ၏အခန်းကဏ္ဍမှာလည်း အလွန်အရေးကြီးပါကြောင်း၊ကျန်းမာကြံ့ခိုင်နေသူများဖြစ်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒသဘောတရားများကို သိရှိကာ နိုင်ငံတော်က အားကိုးအားထားပြုရသည့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သူများဖြစ်အောင်၊ ဆရာဝန်များစောင့်ထိန်းရမည့် သစ္စာအဓိဋ္ဌာန် ကိုးချက်ကို လေးစားလိုက်နာသည့် ထူးချွန်သောဆရာဝန်များ၊ ဆေးပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဆေးပညာရပ်များကိုသာမက အသိပညာဗဟုသုတနှင့် ပြည့်စုံအောင် ကြိုးစားသင်ယူရင်း စည်းကမ်းလိုက်နာသည့် နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများ၊ သံကြိုးန်ယိမ်းအကများ၊ Remix သရုပ်ဖော်တင်ဆက်မှုများအပါအဝင် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပြီးနောက် ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ကျောင်းသားကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ကျော်ကျော်စိုးသည် ၎င်းအသုံးပြုသည့် "Kyaw Soe" Facebook အကောင့်၊ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ စုမြတ်ချယ်(ခ)စိန်ရွှေစင်သည် ၎င်းအသုံးပြုသည့် "Hus S. Sin" Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၂)ရပ်ကွက်နေ ရတနာဦး(ခ)ရှက်ကီလားသည် ၎င်းအသုံးပြုသည့် "Alexander La Yeik Cho" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနေအနောက်ရပ်ကွက်နေ မကြူကြူအောင်(ခ)အငယ်လေးသည် ၎င်းအသုံးပြုသည့် "Thae Su" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် **(ယနေ့)**တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV-NRC တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ MITV၊ MWD-HD၊ MWD Variety-HD၊ Reader's Channel၊ 5 Plus၊ Channel-9၊ MNTV၊ Sky Net တိုင်းရင်းသားChannel၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖေဖော်ဝါရီ ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၆၄ ဦး |
| သေဆုံးသူ | ၁၉၄၉၁ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၂၈ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၉၄ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ မအူပင်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မအူပင်မြို့နယ် မလတ်တိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၀၉ ဦးကို အဆိုပါကျေးရွာရှိ ဂူကုန်းကျောင်းတိုက်ကြီး၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၁၄ ဦး၊ ခွဲစိတ်ရောဂါ ၈၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၃ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးအကြောရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂၄ ဦး၊ မျက်စိရောဂါ ၂၄၆ ဦးနှင့် သွားရောဂါ ၁၂၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၀ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဖေးရှင်း ဓာတ်မှန်ရိုက် လူနာ ၇၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၈၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)ပေါ်၌ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီးရန်ပိုင်ဦး ဦးဆောင်ပြီး မအူပင်မြို့နယ် မလက်တို ကျေးရွာအုပ်စု တမလိုကျေးရွာနေ ဦးစိုးလင်း၏ဇနီးဖြစ်သူ ဒေါ်ကေခိုင်ဝင်းကို ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ တွင် ၅ ပေါင် ၅ အောင်စရှိ ယောက်ျားလေး တစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ကလေးငယ်ကို မောင်နေဇွန်မင်းဟု အမည်ပေးခဲ့ကာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။

အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ်မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ ၂၀၁၃ ခုနှစ်မှစ၍ ဆေးကုသပြုလုပ်ပေးမှုသမိုင်းတွင် ၂၆ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ဆက်လက်ပြသ



၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများ ပြသလျက်ရှိသည့် ဒုတိယနေ့တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက် ကုန်ပစ္စည်းအရောင်းပြခန်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ ဒုတိယနေ့တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၁၀ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်း ၁၅ ခန်း စုစုပေါင်း ၅၅ ခန်းကို ပြသထားပြီး တိုင်းရင်းသားရိုးရာအကများ၊ ရုပ်ရှင်အနုပညာရှင်များ၊ စတူဒီယိုတေးသံရှင်များနှင့် မျိုးဆက်သစ်အဆိုရှင်များကလည်း ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်သူများမှ အခမဲ့ လာရောက်လည်ပတ်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။



၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများ ပြသလျက်ရှိသည့် ဒုတိယနေ့တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။





တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သဲကုန်းမြို့နယ် အင်းမမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သဲကုန်းမြို့နယ် အင်းမမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၁၀ ရက် နေ့လယ်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက အင်းမတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မိတ္ထီလာမြို့နယ် ရေဝေကျေးရွာရှိ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၂၅၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၅၀၊ ခွဲစိတ်ရောဂါ ၂၇ဦး၊ ကလေးရောဂါ ၃၃ဦး၊ သားဖွားမီးယပ်ရောဂါ ခုနစ်ဦး၊ အရိုးရောဂါ ၇၆ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၆ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားရောဂါ လေးဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၁၄ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ လေးဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ဦးရေ ၂၀ ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့မှတစ်ဆင့် တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြိုင်သာယာကျေးရွာသို့ ရောက်ရှိရာ ဒေသခံပြည်သူများက လှိုက်လှဲစွာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

# မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ယာယီဆေးကုသဆောင်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၇၆၃ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG နှင့် Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်





မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေးမဆောင်ရွက်မီ(ဝဲပုံ)နှင့် သန့်ရှင်းရေးဆောင်ရွက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ် အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်နှင့် လဲချားမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အမရပူရမြို့နယ် ရွှေဂူကြီးမြတ်စွာဘုရားဝန်းကျင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဓနိုးမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ကနေဒါနိုင်ငံတွင် ရေအောက်ကြမ်းပြင်မှ သတ္တုမိုင်းတွင်းတူးဖော်ခြင်းတားမြစ်ရေး တင်းကျပ်သည့်စည်းမျဉ်းစည်းကမ်းများချမှတ်ရန် ဆုံးဖြတ်ထား



**အော့တာဝါ ဖေဖော်ဝါရီ ၁၁**

ကနေဒါနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်လျက်ရှိနေပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေနိုင်သော ရေအောက်ကြမ်းပြင်မှ သတ္တုမိုင်းတွင်းတူးဖော်ခြင်းလုပ်ငန်းများကိုတားမြစ်ရေး တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်ရန် ဆုံးဖြတ်ထားကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေအောက်ကြမ်းပြင်မှ သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ငန်းများကို တားမြစ်ရန်အတွက် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းကိစ္စရပ်ကို အော့တာဝါပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ကနေဒါလွှတ်တော်သို့ အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရေအောက်ကြမ်းပြင်မှ ရရှိလာသည့် သဘာဝအရင်းအမြစ်များသည် သန့်ရှင်းသောစွမ်းအင်ကဏ္ဍအတွက်အရေးပါသည့် ဘက်ထရီစွမ်းအင်ကို ဖော်ဆောင်နိုင်ရေးတွင် အလွန်အရေးပါသည့် သဘာဝအရင်းအမြစ်များဖြစ်ကြောင်း၊ သို့သော်လည်း ဂေဟစနစ်ယိုယွင်းလာမည်ကို စိုးရိမ်သည့်အတွက် ရေအောက်ကြမ်းပြင်မှ သတ္တုတူးဖော်ရေးလုပ်ငန်းများကို တားမြစ်သွားမည့် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများချမှတ်ရေးကို အမြန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း သိရသည်။

"ကနေဒါနိုင်ငံမှာ ရေအောက်ကြမ်းပြင်ကနေ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကိုခွင့်ပြုတဲ့ တရားဝင်ဥပဒေစည်းမျဉ်း မရှိသေးပါဘူး။ ရေအောက်ကြမ်းပြင်ကနေ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို တားမြစ်သွားမဲ့ စည်းမျဉ်းဥပဒေလဲမရှိသေးဘူး။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ထိခိုက်ပျက်စီးစေမဲ့ ရေအောက်ကြမ်းပြင်ကနေ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို တားမြစ်သွားမဲ့ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်ဖို့အတွက် အမြန်ဆုံးဆောင်ရွက်သင့်ပါတယ်။ လောလောဆယ်တော့ သက်ဆိုင်ရာနယ်မြေအလိုက်က အာဏာပိုင်အဖွဲ့အစည်းတွေဟာ ရေအောက်ကြမ်းပြင်ကနေ သတ္တုတူးဖော်တဲ့လုပ်ငန်းတွေကို မိမိတို့လုပ်ပိုင်ခွင့်အောင် အတွင်းကနေ တားမြစ်တာတွေပြုလုပ်သွားပါမယ်"ဟု ကနေဒါသဘာဝအရင်းအမြစ်ဝန်ကြီးဌာနသမုဒ္ဒရာနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးတွဲထုတ်ပြန်ချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ **ခိုင်ဆက်**

# တူရကီနှင့် ဆီးရီးယားနိုင်ငံမှ ငလျင်ဒဏ်သင့် ပြည်သူများကို အမေရိကန်နိုင်ငံက အမေရိကန်ဒေါ်လာ ၈၅ သန်း ပံ့ပိုးမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံက တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၈၅ သန်းပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်က အတည်ပြုထုတ်ပြန်ခဲ့သည်ဟု News 18 သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့တွင် ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် စုစုပေါင်းလူဦးရေ ၂၀၀၀၀ ကျော်ထိ သေဆုံးပြီး ပျက်စီးဆုံးရှုံးမှုမြင့်မားသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခက်အခဲများရှိနေသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက နိုင်ငံတကာ၏ အကူအညီကို တောင်းခံနေထားသည်။

အမေရိကန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၈၅ သန်းအပြင် ထပ်မံပံ့ပိုးမှုပြုလုပ်ပေးသွားနိုင်ရန်လည်း စီစဉ်ထားသလို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်လည်း ကယ်ဆယ်ရေးဝန်ထမ်းများစေလွှတ်ပေးထားသည်ဟု အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ငလျင်ဒဏ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော လူဦးရေသန်းနှင့်ချီရှိနေပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားသလို အစားအသောက်နှင့် အဝတ်အထည်များကိုလည်း နိုင်ငံတကာက ကူညီပေးလျက်ရှိကြောင်း၊ ထို့ပြင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးလျက်ရှိကြောင်း ယူနိုက်တက်စတိတ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြေငလျင်ဒဏ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူများအတွက် အရေးကြီးဆုံးဖြစ်သည့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဦးစားပေးဆောင်ရွက်နေကြောင်း ယူနိုက်တက်စတိတ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

**ခိုင်ဆက်**

# အင်ဒိုနီးရှားနိုင်ငံ မြောက်စုလာဝေစီပြည်နယ်ရှိ ကာရန်ဂါတန်မီးတောင် လှုပ်ရှားမှုများတိုးလာသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်း

**ဂျကာတာ ဖေဖော်ဝါရီ ၁၁**

အင်ဒိုနီးရှားနိုင်ငံ မြောက်စုလာဝေစီပြည်နယ်ရှိ ကာရန်ဂါတန်မီးတောင်သည် ဖေဖော်ဝါရီ ၁၀ ရက်က လှုပ်ရှားမှုများ တိုးလာသဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများဆောင်ရွက်လျက်ရှိပြီး မီးတောင်၏အန္တရာယ်ရှိမှုအဆင့်ကို မြှင့်တင်ခဲ့ကြောင်း အင်ဒိုနီးရှားမီးတောင်နှင့် ဘူမိဗေဒဆိုင်ရာအန္တရာယ်လျော့ပါးရေးဗဟိုဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ကာရန်ဂါတန်မီးတောင်သည် ဖေဖော်ဝါရီ ၁၀ ရက်က လှုပ်ရှားမှုအကြိမ်ရေ တိုးလာသကဲ့သို့ ချော်ရည်များ စီးဆင်းမှုသည် မီးတောင် အနောက်ဘက်တွင် မီတာ ၁၇၅၀ ထိ လည်းကောင်း၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တို့တွင် မီတာ ၁၀၀၀ ထိလည်းကောင်း ရောက်ရှိစီးဆင်းလာနေခြင်းကြောင့် တာဝန်ရှိသူများအနေဖြင့် ဒွန်းပေရွာမှ မိသားစု ၇၃ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။



မီးတောင်ဆိုင်ရာ တာဝန်ရှိသူများက ကာရန်ဂါတန်မီးတောင်ကို ဖေဖော်ဝါရီ ၈ ရက်မှစ၍ အန္တရာယ်ရှိ အဆင့်(၃)သို့ မြှင့်တင်ခဲ့ကြောင်း၊ မီးတောင်နှင့်အနည်းဆုံး ၂ ဒသမ ၅ ကီလိုမီတာမှ ၃ ဒသမ ၅ ကီလိုမီတာ အကွာအဝေးထိ ရှောင်ရှားနေထိုင်ကြရန် မီးတောင်ကျွမ်းကျင်သူများက သတိပေးထားကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံ ပြည်နယ် ၁၀ ခုမှ ထုတ်လွှတ်သော မီးခိုးမြူများနှင့် ညစ်ညမ်းသောလေထုကို Connecticut ဒေသခံများ ရှူရှိုက်နေရ

**နယူးယောက် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ ပြည်နယ် ၁၀ ခုမှ ထုတ်လွှတ်နေသော မီးခိုးမြူများနှင့် ညစ်ညမ်းသောလေထုကို Connecticut ပြည်နယ်မှ ဒေသခံများရှူရှိုက်နေရကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ၏ ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ပြန်သော အချက်အလက်သစ်များအရ သိရသည်ဟု WASHU သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

ရာသီဥတုဆိုင်ရာတက်ကြွလှုပ်ရှားသူများအနေဖြင့် Connecticut ပြည်နယ်မှ ပြည်သူများမီးခိုးမြူရှူရှိုက်ရမှုမှကာကွယ်ရန် ပိုမိုခိုင်မာသော စည်းမျဉ်းများကို တောင်းဆိုလျက်ရှိပြီး အဆိုပါမီးခိုးမြူများက ပြည်နယ်အတွင်းရှိ ဒေသခံများကို ပန်းနာရင်ကျပ်၊ နှလုံးရောဂါနှင့် အဆုတ်ရောဂါများကို ဖြစ်ပွားစေလျက်ရှိသည်။

Connecticut ပြည်နယ်တွင် နေထိုင်သူများသည် အခြားပြည်နယ် ၁၀ ခုဖြစ်သော Indiana၊ Kentucky၊ Maryland၊ Michigan၊ New Jercy၊ New York၊ Ohio၊ Pennsylvania၊ Varginia နှင့် West Varginia တို့မှ ရုပ်ကြွင်းလောင်စာထုတ်လွှတ်မှုများကြောင့် ဒုက္ခရောက်လျက်ရှိကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှေ့နေ Kathleen Riley က ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်အေဂျင်စီက အဆိုပြုထားသော ကောင်းမွန်သည့် အိမ်နီးချင်းစည်းမျဉ်းဟု အမည်ရသော ရုပ်ကြွင်းလောင်စာဆိုင်ရာ ပြည်နယ်ဖြတ်ကျော်မှုများ ဥပဒေသစ်ကို ပြည်နယ်များကြားလေထုညစ်ညမ်းမှုထိန်းညှိပေးရန် မတ်လအတွင်း အပြီးအတည်ပြုရန် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါဥပဒေသစ်အရ ပြည်နယ်များကြား မီးခိုးမြူများကိုလျှော့ချပေးမည်ဖြစ်ပြီး သန်းနှင့်ချီသော ပန်းနာရင်ကျပ် ဖြစ်ပွားသူများကို ကာကွယ်ပေးနိုင်မည့်အပြင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် ကျောင်းပိတ်ခဲ့ရသော ရက်များကိုလည်း လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း Kathleen Riley က ပြောကြားခဲ့သည်။

AZH

# ဩစတြေးလျနိုင်ငံ နောဖို့ခ်ကျွန်းတွင် ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၁**

ဩစတြေးလျနိုင်ငံ နောဖို့ခ်ကျွန်းတွင် ဖေဖော်ဝါရီ ၉ ရက်က အားကောင်းသည့် ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး နယူးဆောက်ဝေးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်ဟု Canberra Times သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမုန်တိုင်းကို ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းဟု အမည်ပေးထားပြီး မုန်တိုင်းဝင်ရောက်မည့်အခြေအနေနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးထားပြီးဖြစ်ကြောင်း၊ မုန်တိုင်းသည် တစ်နာရီ ၁၆၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်နေခြင်းဖြစ်ပြီး မုန်တိုင်းတိုက်ခတ်မှုအခြေအနေသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်သည့်အခြေအနေမျိုး ဖြစ်သည့်အတွက် မုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်ကာလအတွင်း အပြင်သို့သွားလာခြင်းကို အထူးသတိပြုရန် နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်များထုတ်ပြန်ထားသည်။


"ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းဟာ နောဖို့ခ်ကျွန်းကို ဝင်ရောက်တိုက်ခတ်နေပါတယ်။ နောဖို့ခ်ကျွန်းမှာ မုန်တိုင်းဝင်ရောက်နေတဲ့အတွက် နယူးဆောက်ဝေးပြည်နယ်မှာ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းဟာ နောဖို့ခ်ကျွန်းကို တိုက်ရိုက်ဖြတ်သန်းသွားဖွယ်ရှိနေပြီး နယူးဆောက်ဝေးပြည်နယ်အနီးကို ဝင်ရောက်ဖွယ်ရှိနေပါတယ်။ မုန်တိုင်းဟာ နယူးဇီလန်နိုင်ငံဘက်ခြမ်းကို ဦးတည်နေတဲ့အတွက် ဩစတြေးလျနိုင်ငံရဲ့ နယ်နိမိတ်ကို ဖြတ်သန်းပြီး နယူးဇီလန်နယ်နိမိတ်ထဲကို ဝင်ရောက်သွားဖွယ်ရှိနေပါတယ်"ဟု ဩစတြေးလျ မိုးလေဝသဗျူရိုမှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေးပညာရှင် ဂျိုနသန်ဟောင်ဝီက ပြောကြားခဲ့သည်။

**ခိုင်ဆက်**

Ow Kfv d @

# နောင်တမျက်ရည်

ကိုရွှေတောသား(ဆင်ကူး)




(၁)

စင်စစ် ကျော်မောင်မှာ မိုက်ချင်၍မိုက်ခဲ့သည် မဟုတ်။ အရွဲ့တိုက်၍ မိုက်ခဲ့ခြင်းသာ။ ဟုတ်သည်။ တော၌ အမေနှင့် ဆက်၍နေဖြစ်သေးလျှင် ကျော်မောင် ဆက်၍ မိုက်နေ၊ ဆိုးနေပေဦးမည်။ မိုက်ရန်၊ ဆိုးရန်အတွက် ကျော်မောင့်မှာ အကြောင်းပြချက်ရှိသည်။ ဦးခင်ကြိုင်ကို ဟိုးအရင်ကတည်းက ကျော်မောင် ကြည့်မရခဲ့။ ဦးခင်ကြိုင်က ငွေကြေးအသင့်တင့်ချမ်းသာသူဖြစ်သည်။ ငွေရှိသလောက်လည်း မောက်မာသည်။ ဒါဆိုဒါ သူပြောသည့်အတိုင်း လက်ခံမှကြိုက်တတ်သူ။ ထိုလူကြီးကိုမှ အမေက လင်တော်လိုက်သတဲ့လား။ တွေးရင်းနှင့်ပင် ကျော်မောင် ဒေါသဖြစ်ရပြန်သည်။ ဘာလဲ "တံခွန်မရှိတဲ့ဘုရား၊ လင်မရှိတဲ့မယား"ဟု ဆိုတတ်သေး။ ကျော်မောင်အတွက် အဖေအသစ်မရှိချင်ပေ။ အဖေမရှိသော်လည်း အဖေ့နေရာ၌ မည်သူ့ကိုမှ အစားထိုးမရနိုင်။ ပထွေးက ပထွေးဖြစ်သည်။ ပထွေးက အဖေဖြစ်မလာနိုင်ဘူးဟု တွေးမိသည်။ ပထွေးအဖြစ် ဝင်ရောက်လာသည့် ဦးခင်ကြိုင်ဆိုသူကို ကျော်မောင်က အိမ်၌ ရှိသည်ဟုပင်မထင်။ ကျော်မောင်နေနေကျအတိုင်းနေသည်။ သွားနေကျအတိုင်းသွားသည်။ အစတုန်းကတော့ အမေက မပြောဘဲလွှတ်ထားပေးခဲ့သည်။ နောက်တော့မှပြောသည်။ ဒါသည်လည်း ပထွေးဆိုသည့် လူကြီးကြောင့်သာဖြစ်မည်။ အမေက ဦးခင်ကြိုင်ကို အဖေဟုခေါ်စေချင်သည်။ အမေကြိုက်သလိုလုပ်၊ ရိုက်ချင်ရင်ရိုက်ပစ်လိုက် ဘယ်တော့မှမခေါ်နိုင်ဘူးဟုပြောတော့ အမေ့မျက်နှာမကောင်း။ သို့သော် အမေက ဤသို့ဆက်ပြောသည်။

"အေး နင် မခေါ်ချင်ရင် မခေါ်ပါနဲ့။ ဒါပေမဲ့ ငါ့ကို ကလန်ကဆန်တော့မလုပ်နဲ့"တဲ့လေ။ တကယ်တော့ အမေပြောချင်တာ ကျော်မောင်သိသည်။ ပထွေးဆိုသည့်သူကြီးကို ကလန်ကဆန်မလုပ်ရန် သွယ်ဝိုက်၍ ပြောခြင်းသာဖြစ်သည်။ ကျော်မောင်က အသက်ကသာငယ်သည်။ မာနတော့ကြီးသည်။ ပထွေးဖြစ်သူကို မလွှဲသာ၍ခေါ်ရရင်တောင်-

"ဦးခင်ကြိုင် ခင်ဗျားကို ကျွန်တော်"စသည်ဖြင့်သာ လေသံမာမာဖြင့် ဆက်ဆံခဲ့သည်။ ပထွေးဖြစ်သူကလည်း ကျော်မောင်ကို တစ်ခါတလေပင် ယောင်၍ သားဟု မခေါ်ဖူးခဲ့ပါချေ။ ကျော်မောင့်ကိုမြင်တိုင်း မတည့်ကြည့်ကြည့်သည်။ စကားပြောတိုင်း ဘယ်သောအခါမှ တိုက်ရိုက်မပြော-

"မင်းအမေက ဟိုဥစ္စာကို"စသည်ဖြင့်ပင် ပြောတတ်သည်။ အမေ့ရှေ့မှာ ခပ်မှန်မှန်ရှိနေသလောက်၊ အမေဖြစ်သူကွယ်ရာတွင် ခပ်ထန်ထန်ဖြစ်တော့သည်။ ကျော်မောင်ဟူသော နာမည်ကိုပင် ကြမ်းတမ်းစွာခေါ်တတ်သေးသည်။

(၂)

"ကျော်မောင်ရေ ရွာက သားအမေလာတယ်"

စာအုပ်ကိုကိုင်၍ စာမဖတ်ဖြစ်သေးဘဲ ပထွေးနှင့် အဆင်မပြေမှုများတွေးပြီး စိတ်ဆိုးနေမိသည်။ ရုတ်တရက် အမေ့၏ညီမဖြစ်သည့် အဒေါ်ကခေါ်မှ ကျော်မောင့်အတွေးများရပ်သည်။

"သားရေ ကျော်မောင်ရေ အပြင်ကို ထွက်ခဲ့အုံး"

အဒေါ်က နောက်တစ်ခေါက်ထပ်မံ၍ခေါ်သည်။ ကျော်မောင် စာအုပ်ကို လက်ကကိုင်ရင်းနှင့်ပင် အခန်းအပြင်သို့ထွက်လာခဲ့သည်။ ကျော်မောင့်ကိုမြင်တော့ အမေက ပြုံးပြသည်။ ပြီးတော့ ဝမ်းနည်းမှုရောစွက်နေသည့် အသံဖြင့်ပြောသည်။

"သားလေးကျော်မောင် အမေ သားကိုသတိရလို့ လိုက်လာတာ သားနေကောင်းတယ်နော်"

အမေ့အသံများက တိုးတိုးဖွဖွသာရှိသည်။ အမေ့မျက်ဝန်းထဲတွင် မျက်ရည်များဥနေသည်။ အမေက အတတ်နိုင်ဆုံး ပြုံးထားဟန်ရှိသည်။ ကျော်မောင် အမေ့မျက်နှာကို သေသေချာချာစိုက်ကြည့်မိသည်။ အမေ့ပါးတစ်ဖက်က အနည်းငယ်ဖောင်းနေပြီး ညိုနေဟန်ရှိသည်။ ကျော်မောင် စိတ်ထဲနင့်ခနဲခံစားလိုက်ရသည်။ တစ်ပြိုင်နက်တည်း ဒေါသရိပ်တို့တစ်ကျော့ပြန်တက်လာသည်။ အမေက ကျော်မောင့်မျက်နှာကို စိုက်ပြီးကြည့်နေသည်။

"အမေရော နေကောင်းရဲ့လား"ဟုမေးလိုက်သည့် ကျော်မောင်၏စကားများမှာ နူးညံ့သိမ်မွေ့ခြင်းမရှိမှန်း ကျော်မောင် ကိုယ့်ကိုယ်ကိုယ်သိသည်။ အမေ့မျက်နှာ ညှိုးနေသည်ကိုတွေ့ရတော့ ကျော်မောင်စိတ်မကောင်းဖြစ်မိသည်။

"အမေ နေကောင်းပါတယ် သားလေးရယ်။ ဒါနဲ့ သား စာတွေကော လိုက်နိုင်ရဲ့လား။ ကျောင်းမှာကော အဆင်ပြေရဲ့လား"

ကျော်မောင် ခေါင်းညိတ်ပြီးဖြေသည်။ အမေက ကျော်မောင့်ကို စကားအများကြီးပြောပြီးသည်နှင့် ပြန်သွားတော့သည်။ ကျော်မောင် အမေ့ကိုကြည့်ပြီး ဟိုးအရင်က ဘဝလေးကို လွမ်းဆွတ်တမ်းတမိပြန်သည်။

(၃)

တစ်ချိန်က ကျော်မောင်တို့ဘဝလေးသည် သာယာအေးချမ်း၍ ပျော်စရာကောင်းခဲ့သည်။ ကျော်မောင့်အဖေက ပညာမတတ်သော်လည်း လူမှုပေါင်းသင်းဆက်ဆံရေး၌ ကျွမ်းကျင်ပါးနပ်လှသည်။ ကျော်မောင့်အဖေက ပွဲရုံတစ်ခုတွင် မန်နေဂျာရာထူးဖြင့် အလုပ်လုပ်သူဖြစ်သည်။ ထိုအလုပ်ဖြင့် ဇနီးနှင့်သားကို လူတမ်းစေ့ထားနိုင်နေနိုင်စေခဲ့သည်။ သားဖြစ်သူကို ကျောင်းထား၍ ဇနီးကို အိမ်၌ဈေးဆိုင်ကလေးဖွင့်ကာ ဈေးရောင်းစေခဲ့သည်။ ကျော်မောင့်အဖေက ကျော်မောင့်ကို ဆရာဝန်ကြီးဖြစ်စေချင်သည်။ ကျော်မောင်ကလည်း စာကြိုးစားသည်။

"တစ်နေ့ ငါ့သားက ဆရာဝန်ကြီးဖြစ်ရမည်"ဟု ရည်မှန်းခဲ့သော ကျော်မောင့်အဖေသည် ကျော်မောင် ရှစ်တန်းနှစ်တွင် ဆုံးပါးသွားခဲ့သည်။ မဆုံးခင် ခြောက်လလောက် ဆေးရုံတက်လိုက်ရသည်။ နောက်တော့လည်း ကင်ဆာရောဂါသမား ကျော်မောင့်အဖေမှာ အချိန်ကုန်လူပန်းဖြစ်ခဲ့ရသည်။ ရှိစုမဲ့စုလက်ဝတ်ရတနာများကုန်သည့်အပြင် အိမ်နှင့်ခြံကိုပါ ပေါင်နှံထားကြရသည်ထိ ဆေးကုသမှုပြုခဲ့ကြသည်။ အဖေမရှိတော့သည့်နောက်ပိုင်း အမေက အိမ်ဈေးဆိုင်ကလေးဖြင့် လုပ်ကိုင်ကာ သားအမိနှစ်ယောက်ဘဝကို ဖြတ်သန်းခဲ့သည်။ ပြဿနာက ကျော်မောင် ဆယ်တန်းနှစ်မှာ စခဲ့သည်။ ကျော်မောင့်အမေက ကျော်မောင့်ကို သူ နောက်အိမ်ထောင်ပြုတော့မည့်အကြောင်း ပြောလာသည်။

(၄)

"သား အမေ အမေလေ အိမ်ထောင်ပြုမလို့သား"

"ဗျာ"

ကျော်မောင် ကြားကြားချင်း အံ့ဩတုန်လှုပ်သွားရသည်။

"ဘယ်သူနဲ့လဲ အမေ"

"ကိုခင်ကြိုင်နဲ့"

ကျော်မောင် ဘာစကားမျှဆက်၍မပြောနိုင်အောင်ပင် ငိုင်သွားရသည်။ ယခုရက်ပိုင်းအတွင်း ဦးခင်ကြိုင်ဆိုသည့်လူကြီး အိမ်ကဈေးဆိုင်သို့ ခဏခဏလာနေသည်ကို ယခုမှ ကျော်မောင်သဘောပေါက်သည်။ ကျောင်းတွင် သူငယ်ချင်းတချို့ တစ်စွန်းတစ်စပြောကြသော်လည်း ကျော်မောင်မယုံကြည်ခဲ့၊ အမေ့ပြောစကားသည် ကျော်မောင့်နားထဲ မိုးကြိုးပစ်ချလိုက်သည့်အလားရှိတော့သည်။ နောက်တော့လည်း အမေ့ဆန္ဒကို လိုက်လျောရုံမှတစ်ပါး သူဘာမျှမတတ်နိုင်ခဲ့ပါချေ။ အမေက ပြောသည်။

"သား သားလေးကျော်မောင် အမေ့ကို စိတ်မဆိုးပါနဲ့ကွယ်။ သားမကြည်ဖြူနိုင်ဘူးဆိုတာလဲ အမေသိပါတယ်။ ဒါပေမဲ့ အမေ့မှာ သားကို ပြောပြလို့မရတဲ့ အကြောင်းတွေက အများကြီးရယ် သားလေးစာတော့ ကြိုးစားနော်။ သားအဖေကြီး သိပ်ဖြစ်စေချင်တဲ့ ဆရာဝန်ကြီးဖြစ်အောင်ကြိုးစား"

ထိုစကားသည် အိမ်မှာနေခဲ့စဉ်က အမေ့စကားကို နားထောင်ခဲ့သည့် ကျော်မောင်၏ နောက်ဆုံးအကြိမ်ဖြစ်ခဲ့တော့သည်။ နောက်တစ်နေ့ အမေပြောသည့် ဦးခင်ကြိုင်ဆိုသည့်လူကြီး ပထွေးအဖြစ်နှင့် အိမ်ကို ရောက်လာချိန်မှစ၍ ကျော်မောင့်မှာ မနေ့တစ်နေ့က ကျော်မောင်နှင့်ဆန့်ကျင်ဘက်ဖြစ်ခဲ့တော့သည်။ ယခင်ကတည်းက ဦးခင်ကြိုင်ဆိုသူကို ကျော်မောင်ကြည့်မရပေ။ ဦးခင်ကြိုင်က ပထွေးနေရာယူ၍ ကျော်မောင့်ကို အထက်စီးက ဆက်ဆံနေသည်ဟု ကျော်မောင်ထင်မိသည်။ ဦးခင်ကြိုင်ဆိုသည့်လူကြီး ဘာပဲပြောပြော ကျော်မောင်က နားမဝင်ခဲ့။ အမြဲတမ်းလိုလို စကားများရန်ဖြစ်ရတော့သည်။

(၅)

"ဆရာ ဧောဧောတုန်းက ဆရာ့အမေ ဖုန်းဆက်သေးတယ်။ ဆရာ့ကိုသတိရလို့ အိမ်လည်ပြန်လာခဲ့ပါအုံးတဲ့"

လူနာတွေနှင့်တစ်မနက်လုံး တာဝန်ကျနေသည့်အတွက် နံနက်ပိုင်းဖုန်းခေါ်ခြင်းကို ဒေါက်တာကျော်မောင်တစ်ယောက် ကိုင်ဖြစ်သည်ဟူ၍မရှိ။ အကူခေါ်ထားရသည့် သူနာပြုလေးများကသာ ဖုန်းလက်ခံ၍ ပြောပေးနေကြခြင်းဖြစ်သည်။ သည်တစ်ပတ် တနင်္ဂနွေနေ့တွင် မရောက်ဖြစ်သည်မှာကြာပြီဖြစ်သည့် အမေ့အိမ်ကလေးဆီသွားရန် ဒေါက်တာကျော်မောင် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ယခုဆို ဒေါက်တာကျော်မောင့်ရင်ထဲမှာ မကျေနပ်မှုအစိုင်အခဲများမရှိတော့ချေ။ အချိန်ကုန်မှသိခဲ့ရသည့် အမေ့အကြောင်းများကို တွေးပြီး ရင်နာရသည်။ သားသမီးများကောင်းစားရန်အတွက် အမေဟူသည် ဘဝနှင့်ရင်းပြီး ပေးဆပ်ကြသည်ကို ဒေါက်တာကျော်မောင်သိခဲ့ရသည်။ သားဖြစ်သူကို ဆရာဝန်ကြီးတစ်ဦးဖြစ်ရန် အမေ ဘယ်လောက်တောင်မှ ရင်းနှီးပေးဆပ်ခဲ့ရပါသနည်း။ သည်အဖြေကို ကျော်မောင် မကြာသေးသည့်အချိန်ကမှ သိခဲ့ရသည်။ အိမ်ဈေးဆိုင်လေးရောင်းပြီး သားဖြစ်သူကို ဘယ်နည်းနှင့်မှ ဆေးတက္ကသိုလ်သို့ ပို့ဆောင်ပေးနိုင်လိမ့်မည် မဟုတ်မှန်းသိ၍သာ အမေက အားကိုးရှာခဲ့သည်။ အမေ့ရည်မှန်းချက်နှင့် နှမ်းထွက်ကိုက်ခဲ့သည်။ အမေက အများ၏ကဲ့ရဲ့ခံ၊ သားဖြစ်သူ၏ အမုန်းကိုခံကာ ကိုယ့်ဘဝကိုကိုယ်ရင်းပြီး ခင်ပွန်းဖြစ်သူ မသေခင်ကရှိခဲ့သည့်ဆန္ဒကို အကောင်အထည်ဖော်ပေးခဲ့သည်။ သားဘဝကောင်းစားရန်အတွက် ဘဝကိုရင်းပြီး မိခင်တာဝန်ကျေခဲ့သည်။

"ဪ. . . အမေ အမေ သားအတွက် ကျေးဇူးကြီးမားလှပါလား အမေရယ်"ဟု ဒေါက်တာကျော်မောင်တစ်ယောက်တွေးပြီး ဝမ်းနည်းမှုနောင်တမျက်ရည်များပါးပြင်ထက်မှာ စီးကျလာပါတော့သည်။

# မင်းဘူးနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၆၀ ထိ တိုးမြှင့်၍နှစ်စဉ်ထုတ်လုပ်ရန် ညှိနှိုင်းဆောင်ရွက်နေ



**မကွေး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီးရှိ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၆၀ ထိတိုးမြှင့်၍ နှစ်စဉ်ထုတ်လုပ်ရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသန့်က ပြောပြ၍ သိရသည်။

အဆိုပါ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မင်းဘူး-အမ်းကားလမ်းမကြီးအနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းအတွက် စာချုပ်ကို GEP(Myanmar) Co.,Ltd နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း(EPGE)တို့ ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်က သဘောတူ ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မူလက နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ရာမှာ ပထမအဆင့်၊ ဒုတိယအဆင့်နဲ့ တတိယအဆင့်တွေမှာ မဂ္ဂါဝပ် ၄၀ စီနဲ့ စတုတ္ထအဆင့်မှာ မဂ္ဂါဝပ် ၅၀ ထုတ်လုပ်ဖို့ဖြစ်ပါတယ်။ စီမံကိန်းအားလုံးပြီးစီးပါက နှစ်စဉ်မဂ္ဂါဝပ် ၁၇၀ ထုတ်လုပ်နိုင်ဖို့ လျာထားဆောင်ရွက်နေပြီးတော့ ပထမအဆင့် မဂ္ဂါဝပ် ၄၀ ကို ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်က စတင်ထုတ်လုပ်ခဲ့ပြီးတော့ ရရှိလာတဲ့ လျှပ်စစ်ဓာတ်အားတွေကို မန်း-အမ်း ၂၃၀ ကေဗွီဓာတ်အားလိုင်းကနေ နိုင်ငံတော်ဓာတ်အားစနစ်ဆီ ပို့လွှတ်နေပါတယ်။ ဆက်လက်ဆောင်ရွက်မဲ့ ဒုတိယအဆင့်၊ တတိယအဆင့်နဲ့ စတုတ္ထအဆင့်မှာ မူလလျာထားတဲ့မဂ္ဂါဝပ် ၁၃၀ စီမံကိန်းအစား တိုးမြှင့်ပြီးတော့ စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၆၀(အေစီ)ထိ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ဦးမင်းသန့်က ပြောပြသည်။

အဆိုပါစီမံကိန်းကို မြေဧရိယာ ၈၃၆ ဧကပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၇ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စီမံကိန်း၏ ဒုတိယအဆင့် ဆက်လက်ဆောင်ရွက်ရန် မြေနေရာရှင်းလင်းခြင်းနှင့် မြေသားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ASH

# ညောင်ဦးမြို့နယ် တောင်ရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ရှေ့ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# ညောင်ရွှေမြို့နယ် နောင်ဘိုအောက်ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်နေမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စံကားကျေးရွာအုပ်စု နောင်ဘိုအောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာဘက်စုံသုံး ခန်းမဆောင်တည်ဆောက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စံကားကျေးရွာအုပ်စု နောင်ဘိုအောက်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်ဘိုအောက်ကျေးရွာတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၇၈၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်မိုး(မလှိုင်)**

# ယဉ်ကျေးမှုကို ထိန်းသိမ်းစို့

\- မိဘဘိုးဘွား ဆွေမျိုးများတို့
အားလုံးမြန်မာ ခံ့ညားစွာဖြင့်
မြန်မာပြည်ဖွား မြန်မာများတို့
သွေးသားမွန်မြတ် ဖြောင့်မတ်ရိုးသား
စိတ်ထားနူးညံ့ မျိုးဂုဏ်သန့်၍
ခံ့ညားထည်ဝါ မျိုးမြန်မာ၏
ရိုးရာစဉ်လာ ထိန်းသိမ်းကာဖြင့်
သွားရာလာရာ ပြောဆိုရာနှင့်
ဝတ်ရာစားရာ နေထိုင်ရာတွင်
လွန်စွာသိမ်မွေ့ ရှေးဓလေ့ကို
မမေ့မပျောက် မြဲစောင့်ရှောက်၍
ထွန်းတောက်လှပ ဂုဏ်ဝင့်ရသည်
မြန်မာ့မျိုးချစ်သွေးကြောင့်တည်း။

\- သို့သော်. . .
ယခုခါမှာ မြန်မာမျိုးချစ်
မျိုးဆက်သစ်တို့ မျိုးချစ်စိတ်ပျောက်
စိတ်ယုတ်ဖောက်လျက် အနောက်တိုင်းဟန်
တုနှိုင်းဖန်၍ ပြောဟန်ဆိုဟန်
ရိုင်းစိုင်းမာန်ဖြင့် ဝတ်ဟန်စားဟန်
သွားလာဟန်နှင့် ဆက်ဆံပုံမှာ
မြန်မာမှုပျောက် အနောက်ခိုမင်
မဆင်ခြင်ဘဲ လွန်ကဲရိုင်းပျ
မရှက်ကြဘဲ အားရမြူးကြွ
မိုက်ရိုင်းပြ၍ မြန်မာ့ယဉ်ကျေးမှု
ပျောက်ကွယ်လုမို့ ယခုအမြန်
မျိုးချစ်မာန်ဖြင့် တွန်းလှန်ချေဖျက်
သရုပ်ပျက်ကို
မျိုးဆက်သစ်တို့ ရှုမှန်းစို့
ဝိုင်းဝန်းချေမှုန်း ပြုပြင်စို့။ ။

**မင်းရွှေမင်း(တောင်ကုတ်)**

# ငဖဲမြို့နယ် သီပေါ်ရွာသစ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီပေါ်ရွာသစ်ကျေးရွာအတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါကျေးရွာမဏ္ဍပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များက သီပေါ်ရွာသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၇၁ သိန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၅၁ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဖြူလေး**

# အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် အရေးပါလာသော အိန္ဒိယလေယာဉ်တင်သင်္ဘောများ

အိန္ဒိယနိုင်ငံသည် INS Vikramaditya လေယာဉ်တင်သင်္ဘောကို စစ်လက်နက်စနစ်နှင့် နည်းပညာပိုင်းဆိုင်ရာတင်ဆက်မှုများလုပ်ဆောင်ပြီးနောက် ပြန်လည်စမ်းသပ်မောင်းနှင်ရန်ပြင်ဆင်လျက်ရှိသည်။ အိန္ဒိယသည် တရုတ်နိုင်ငံ၏ စစ်လက်ရုံးဆန့်တန်းလာမှုကိုတုံ့ပြန်နိုင်ရန် ဒေသတွင်းပင်လယ်ရေကြောင်းဆိုင်ရာ အင်အားတောင့်တင်းခိုင်မာရေး ကြိုးပမ်းလျက်ရှိသဖြင့် လေယာဉ်တင်သင်္ဘောနှစ်စီး တပ်ဖြန့်ချထားရေးအစီအစဉ်အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

ရုရှားနိုင်ငံမှ ပြန်လည်ဝယ်ယူထားသော Vikramaditya သည် မကြာမီတပ်ဖြန့်ချသွားမည်ဖြစ်ပြီး စက်တင်ဘာလတွင် စတင်တာဝန်ထမ်းဆောင်လျက်ရှိသော အိန္ဒိယ၏ ပြည်တွင်းထုတ် ပထမဆုံးလေယာဉ်တင်သင်္ဘောနှင့်ပူးတွဲတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ပြည်တွင်းထုတ် INS Vikrant သည် ပင်လယ်ပြင်စမ်းသပ်မောင်းနှင်မှုများလုပ်ဆောင်လျက်ရှိပြီး ယခုနှစ်နှောင်းပိုင်းတွင် အပြည့်အဝတာဝန်ထမ်းဆောင်သွားရန်စီမံထားသည်။

လေယာဉ်တင်သင်္ဘောများတည်ဆောက်ခြင်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း အိန္ဒိယ၏အာဏာဖြန့်ကြက်မှုစွမ်းဆောင်ရည်များဖြည့်တင်းရာ၌ များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံကို တုံ့ပြန်နိုင်မည့်အခွင့်အလမ်းလည်း ရရှိလာမည်ဖြစ်သည်။ ထိုအခွင့်အလမ်းသည် အိန္ဒိယရေတပ်၏ ဦးစားပေးလုပ်ငန်းပင်ဖြစ်သည်။

အလားတူ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်အနေဖြင့်လည်း လွန်ခဲ့သောဆယ်စုနှစ် တစ်ခုကျော်လောက်ကတည်းက ခေတ်မီရေတပ်အဖြစ်တိုးချဲ့တည်ဆောက်လျက်ရှိပြီး လက်ရှိအချိန်တွင် ကမ္ဘာ့အကြီးဆုံးရေတပ်အဖြစ်ရပ်တည်လာပြီဖြစ်သည်။ ယခင်နှစ် ဇွန်လတွင် တရုတ်နိုင်ငံသည် ပြည်တွင်း၌ ပထမဆုံးဒီဇိုင်းရေးဆွဲထားသည့် လေယာဉ်တင်သင်္ဘောကိုတည်ဆောက်ခဲ့သဖြင့် တိုင်းပြည်၏ တတိယမြောက်လေယာဉ်တင်သင်္ဘောအဖြစ်ရပ်တည်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးအတိုင်းအတာဖြင့် စစ်ဆင်ရေးဆင်နွှဲနိုင်ရန် ပင်လယ်ပြာရေတပ်မတော်အဖြစ်တည်ဆောက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြည်းတပ်သည် ပဲ့ထိန်းနှင့် ခရူဇာဒုံးကျည်နည်းပညာများတွင် ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံအနေဖြင့် မကြာမီအချိန်အတွင်း ရေငုပ်သင်္ဘောများနှင့်စစ်ရေယာဉ်များပေါ်နေ၍ ကုန်းပေါ်ရှိပစ်မှတ်များကိုပစ်ခတ်နိုင်သည့် တာဝေးပစ်တိကျပဲ့ထိန်းများ ပိုင်ဆိုင်နိုင်တော့မည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)အနီးနှင့် တောင်တရုတ်ပင်လယ်တို့တွင် စစ်အင်အားတိုးချဲ့လာသောကြောင့် အမေရိကန်၊ ဗြိတိန်နှင့်အခြားမဟာမိတ်များသည် ဒေသတွင်း၌ ပုံမှန်စစ်ရေးလေ့ကျင့်ခန်းများပြုလုပ်လျက်ရှိသည့်အပြင် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မူဝါဒကိုဆက်လက်အကောင်အထည်ဖော်မှုအနေဖြင့် တရုတ်(တိုင်ပေ)ရေလက်ကြားတွင် လှုပ်ရှားသွားလာလျက်ရှိသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်ထိ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ လေယာဉ်တင်သင်္ဘောတစ်စီးမျှ စေလွှတ်ခြင်းမရှိသေးသော်လည်း လာမည့်နှစ်အနည်းငယ်အတွင်း တပ်ဖြန့်ချထားသွားဖွယ်ရာရှိနေသည်။ တရုတ်နိုင်ငံသည် ဒေသတွင်း၌ စစ်သင်္ဘောများပုံမှန်လှုပ်ရှားသွားလာလျက်ရှိကြောင်းနှင့် အာဖရိကဦးချိုဒေသရှိ ဂျီဘူတီနိုင်ငံတွင် ပထမဆုံးပြည်ပစစ်အခြေစိုက်စခန်း ထူထောင်ထားပြီး ၎င်းစခန်းသည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ အလွယ်တကူဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ယခင်နှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၏ တောင်ဘက်ကမ်းခြေအလွန်တွင်ရှိသော သီရိလင်္ကာနိုင်ငံ၏ ဟမ်ဘန်တိုတာဆိပ်ကမ်း၌



သူလျှိုသင်္ဘောတစ်စီး တပ်ဖြန့်ချထားပြီးချိန်မှစ၍ အိန္ဒိယနိုင်ငံကို သတိပေးတပ်လှန့်ထားပြီးဖြစ်သည်။ ၎င်းစခန်းကို ၂၀၁၇ ခုနှစ်မှစ၍ တရုတ်နိုင်ငံကို စာချုပ်ဖြင့် ၉၉ နှစ်ကြာ ငှားရမ်းထားသည်။

တရုတ်နိုင်ငံနှင့်စစ်ပွဲဖြစ်ပွားနိုင်သည့်အလားအလာမှာ ကုန်းတွင်းပိုင်းတွင်ဖြစ်နိုင်သော်လည်း အိန္ဒိယသမုဒ္ဒရာဒေသတွင် တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများသည် အိန္ဒိယ၏ပင်လယ်ရေကြောင်းဆက်သွယ်မှုများကိုဟန့်တားနှောင့်ယှက်မှုများဖြစ်ပေါ်စေလျက်ရှိပြီး စစ်မက်ဖြစ်ပွားလာနိုင်သည့် အလားအလာရှိနေသည်။

အိန္ဒိယသည် တရုတ်နိုင်ငံကဲ့သို့ပင် နျူကလီးယားလက်နက်များပိုင်ဆိုင်ထားပြီး ဝေဟင်၊ ပင်လယ်ပြင်နှင့် ကုန်းမြေအခြေစိုက်ပလက်ဖောင်းများတွင် နျူကလီးယားစွမ်းဆောင်ရည်ဖြည့်ဆည်းရေးကြိုးပမ်းမှု တစ်စိတ်တစ်ဒေသအနေဖြင့် နျူကလီးယားစွမ်းအင်သုံး ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောများ တည်ဆောက်လျက်ရှိသည်။ လက်ရှိအချိန်တွင် အဆိုပါအမျိုးအစားရေငုပ်သင်္ဘော နှစ်စီးပိုင်ဆိုင်ထားပြီး နှစ်စီးထပ်မံတည်ဆောက်ရန်စီစဉ်ထားသည့်အပြင် နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ တည်ဆောက်သွားမည်ဖြစ်သည်။

အိန္ဒိယ၏ ရေယာဉ်စုတွင် ဖျက်သင်္ဘော ၁၀ စီး၊ ဖရီးဂိတ်စစ်ရေယာဉ် ၁၂ စီးနှင့် ကော်ဗက်စစ်ရေယာဉ်အစီးရေ ၂၀ တို့ပါဝင်သည်။ အိန္ဒိယနှင့် တရုတ်တို့သည် ၂၀၂၀ ပြည့်နှစ်တွင် နယ်စပ်ဒေသတွင် တိုက်ခိုက်မှုများရှိခဲ့ရာ အိန္ဒိယစစ်သားဦးရေ ၂၀ နှင့် တရုတ်စစ်သား လေးဦးသေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် နှစ်နိုင်ငံတပ်ဖွဲ့များကြား ကာလရှည်ကြာ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ်ခဲ့ရာ နှစ်ဖက်စလုံးမှ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာတပ်ဖြန့်ချထားသည်။ ဟိမဝန္တာတောင်တန်းဒေသတွင် တရုတ်နှင့်အိန္ဒိယတို့ကြား စစ်ရေးဆိုင်ရာထိပ်တိုက်ရင်ဆိုင်မှု လ ၃၀ ခန့်ကြာမြင့်နေမှုနှင့် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်နေရာယူထားမှုတို့သည် ပင်လယ်ရေကြောင်းဆိုင်ရာစွမ်းအားသည် အနာဂတ်နိုင်ငံတော်မူဝါဒချမှတ်ရာ၌အရေးပါသော အခန်းကဏ္ဍမှပါဝင်နေကြောင်းကို အိန္ဒိယ၏ အဆုံးအဖြတ်ပေးသူများကို ရှင်းရှင်းလင်းလင်းအချက်ပေးနေပြီဖြစ်သည်။

အိန္ဒိယ၏လုံခြုံရေးဆိုင်ရာအလေးထားမှုသည် အနောက်ဘက်တွင် ပါကစ္စတန်ကို အာရုံစိုက်ထားသော်လည်း အိန္ဒိယ၏အရှေ့ဘက်ရှိအရေးပါသော ရေလမ်းကြောင်းများတွင် တရုတ်စစ်ရေယာဉ်များ ရောက်ရှိနေသဖြင့် အိန္ဒိယရေတပ်အနေဖြင့် အရှေ့ဘက်တွင်လည်းတပ်ဖြန့်ချထားသွားရန်လိုအပ်သည်။ သို့သော် အိန္ဒိယအနေဖြင့် လေယာဉ်တင်သင်္ဘောများ စွမ်းအားပြည့် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အခြားသော အထောက်အကူပြုစနစ်များစွာလည်း လိုအပ်လျက်ရှိသည်။

စစ်ရေယာဉ်များသည် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသော်လည်း အိန္ဒိယရေတပ်သည် အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားဖြန့်ကြက်နိုင်ရေးအတွက် ကာလအတန်ကြာ တည်ဆောက်သွားရဦးမည်ဖြစ်သည်။ အိန္ဒိယရေတပ်သည် ပြည်တွင်း၌လေယာဉ်တင်သင်္ဘောတစ်စီး ထပ်မံတည်ဆောက်သွားရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများကြောင့် ကာလအတန်ကြာနှောင့်နှေးကြန့်ကြာနေခဲ့သည်။ Vikrant တည်ဆောက်ခြင်းသည် ကုန်ကျစရိတ်များသဖြင့် ပြည်သူများကြားတွင် ယုံကြည်မှု ကင်းမဲ့လာလျက်ရှိသည်။ စင်စစ်အားဖြင့် အစိုးရသည် နောက်ထပ်လေယာဉ်တင်သင်္ဘောတစ်စီး ထပ်မံတည်ဆောက်ရန် ငွေကြေးလုံလောက်မှုမရှိပေ။

အစိုးရသည် လေယာဉ်တင်သင်္ဘောတည်ဆောက်ရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆိုပြုထားပြီး ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲလျက်ရှိသော်လည်း လေယာဉ်တင်သင်္ဘောများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်လျက်ရှိသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားသည့်တိုင်အောင် တတိယမြောက်လေယာဉ်တင်သင်္ဘောတည်ဆောက်ရန်အချိန်ကာလ ယူသွားရဦးမည်ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံအနေဖြင့် Vikrant လေယာဉ်တင်သင်္ဘောကိုလိုအပ်သောလက်နက်နှင့်လက်နက်စနစ်များ တပ်ဆင်နေချိန်တွင် ပြင်သစ်နိုင်ငံထုတ် Rafale-M သို့မဟုတ် အမေရိကန်ထုတ် F/A-18 လေယာဉ်အမျိုးအစား ပင်လယ်ရေကြောင်းဆိုင်ရာ ပူးတွဲတိုက်လေယာဉ် ၂၆ စင်းဝယ်ယူသွားမည်ဖြစ်သည်။ အိန္ဒိယလေတပ်သည် Rafale တိုက်လေယာဉ်များကိုလည်း အသုံးပြုလျက်ရှိသည်။ လေယာဉ်တင်သင်္ဘောပေါ်တွင် ရုရှားနိုင်ငံထုတ် MiG-29K တိုက်လေယာဉ်များ တင်ဆောင်သွားမည်ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံသည် စစ်လက်နက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံအပေါ် မှီခိုအားထားရမှုလျှော့ချလျက်ရှိပြီး လက်ရှိအချိန်တွင် ရုရှားသည် အိန္ဒိယ၏ စစ်လက်နက်ပစ္စည်းထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးကူညီထားသည်။ အမေရိကန်နှင့်မဟာမိတ်များအနေဖြင့်လည်း နယူးဒေလီသို့ လက်နက်တင်ပို့ရန်ကြိုးပမ်းလျက်ရှိသည့်အပြင် အင်ဒို-ပစိဖိတ် မဟာဗျူဟာတွင် အိန္ဒိယကို ဒေသတွင်းအဓိကမိတ်ဖက်အဖြစ် တိုးမြှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယအနေဖြင့် ပြည်တွင်းစစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ပြည်ပမှဝယ်ယူမှုများရှိနေသည့်တိုင်အောင် ရုရှား၏ အထောက်အပံ့နှင့်အပိုပစ္စည်းများအပေါ် မှီခိုနေမှုမှလွတ်ကင်းစေရန် နှစ် ၂၀ ခန့် အချိန်ယူရမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားရှိသည်။

အိန္ဒိယသည် ရုရှား-ယူကရိန်းစစ်ပွဲမတိုင်မီကတည်းကပင် Quad အဖွဲ့ဝင်များဖြစ်သည့် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျတို့အပြင် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၊ အခြားနိုင်ငံများနှင့်လည်း သံခင်းတမန်ခင်းဆိုင်ရာ ထိတွေ့ဆက်ဆံမှုများလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယ-တရုတ်နယ်စပ်ပြဿနာဖြစ်ပွားပြီးနောက် Quad ၊ပြင်သစ်၊ ဗြိတိန်၊ ဥရောပနှင့် အာဆီယံနိုင်ငံများနှင့်ထိတွေ့ဆက်ဆံမှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။

**ကိုးကား**

- **India's Aircraft Carriers Key to Indo-Pacific Strategy by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူးတို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးလှိုင်အေးနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကူးတို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ၊ ချေးငွေစာချုပ်ပါ လုပ်ငန်းအမျိုးအစားကိုက်ညီမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က မြစိမ်းရောင်ကျေးရွာစီမံကိန်းရေရှည်တည်တံ့စေရန် အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပုံမှန်ပေးသွင်းကြရန် မှာကြားသည်။

ကူးတို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန် အသင်းသား၊ အသင်းသူဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၇၃ သန်း ထုတ်ချေးပေးထားကြောင်း၊ ထို့ပြင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးလှိုင်အေးထံမှ သိရသည်။

**အေးသူ**

# မြန်မာ့ကင်းမွန်ခြောက်များ ထိုင်းနိုင်ငံဈေးကွက်တွင် ဈေးကောင်းရရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ကင်းမွန်ခြောက်များ ထိုင်းနိုင်ငံဈေးကွက်တွင် ဈေးကောင်းရရှိနေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ကင်းမွန်ကို ရခိုင်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေဒေသများရှိ ပင်လယ်ရေလုပ်ငန်းများမှ ဖမ်းယူရမိနေခြင်းဖြစ်ပြီး အထူးသဖြင့်ကင်းမွန်များကို တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေဒေသများတွင် အများအပြားဖမ်းဆီးရမိမှုရှိနေကြောင်း သိရသည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေဒေသများတွင် ကင်းမွန်များကို သီးသန့်ဖမ်းယူရမိနိုင်သည့် ကင်းမွန်လှေလုပ်ငန်းများကို တီထွင်လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြရာ အဆိုပါကင်းမွန်လှေများက ကင်းမွန်များကို ညဘက်တွင် မီးထွန်းပြီး ဖမ်းယူနေကြခြင်းဖြစ်ကြောင်း၊ ဖမ်းယူရမိလာသည့် ကင်းမွန်များကို အစိမ်းအတိုင်း ရေခဲရိုက်ပြီး အေးခဲကင်းမွန်အဖြစ် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချပေးနေသကဲ့သို့ ကင်းမွန်များကို အခြောက်ပြုလုပ်ကာ ကင်းမွန်ခြောက်အဖြစ် မြန်မာ-ထိုင်းနယ်စပ်ဒေသရှိ မော်တောင်၊ မြဝတီ၊ မြိတ်နှင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကင်းမွန်များကိုပြုတ်၍ အခြောက်ပြုလုပ်သည့်စနစ်နှင့် သဘာဝအတိုင်းသန့်စင်ပြီး နေလှန်းအခြောက်ပြုလုပ်သည့်စနစ်များဖြင့် အခြောက်ပြုလုပ်ကာ ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဈေးကွက်တွင် သဘာဝအတိုင်းသန့်စင်ပြီး နေလှန်းအခြောက်ပြုလုပ်သည့် ကင်းမွန်အခြောက်များက ပို၍ဈေးကောင်းရရှိကြောင်း သိရသည်။

အေးခဲကင်းမွန်များကို မော်တောင်နယ်စပ် ကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့ရောင်းချပေးလျက်ရှိရာ မြန်မာ့ကင်းမွန်များသည် အခြားနိုင်ငံများမှ ကင်းမွန်များထက် အရသာပိုမိုကောင်းမွန်နေသဖြင့် ထိုင်းနိုင်ငံတွင် ဈေးကောင်းရရှိနေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံဈေးကွက်များ၌ မြန်မာ့ကင်းမွန်ဈေးနှုန်းများမှာ အေးခဲကင်းမွန် တစ်ကီလိုဂရမ်လျှင် အရွယ်အစားပေါ်မူတည်၍ ဘတ် ၁၃၀ မှ ၁၆၃ ဘတ်ကြား ဈေးနှုန်းရရှိပြီး သဘာဝအတိုင်း သန့်စင်ပြီး နေလှန်းအခြောက်ပြုလုပ်သည့် ကင်းမွန် အခြောက် တစ်ကီလိုဂရမ်လျှင် ၅၇၀ ဒသမ ၆ ဘတ်ထိ ဈေးကောင်းရရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

SKL

# ပခုက္ကူမြို့နယ် ငဖောင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပခုက္ကူ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငဖောင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ငဖောင်ကန်ကျေးရွာ၌ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ပခုက္ကူမြို့နယ် ငဖောင်ကန်ကျေးရွာ၌ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ០၅၉ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ငဖောင်ကန်ကျေးရွာရှိ အိမ်ခြေ ၃၁၇ အိမ်၊ လူ ၉၇၇ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေး၊ အချိန်အခါမရွေး ဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်ထံမှ သိရသည်။

**နှံ့ယဉ်**

# နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့်သင်တန်းမှ သင်ကြားပို့ချပေးခဲ့သော သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိအောင် ပြန်လည်အသုံးချပြီး မိမိတို့၏စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးစားကြရန် မှာကြားသည်။




ထို့နောက် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်မောင်အေးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းသို့ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများက ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်ထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ပွင့်ဖြူမြို့နယ် ကန်နီကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပွင့်ဖြူမြို့နယ် ကန်နီကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် ဝန်ထမ်းများက ပွင့်ဖြူမြို့နယ် ကန်နီကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေး သွားလာရေး အဆင်ပြေစေရန်အတွက် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုလုပ်ငန်းနှင့် စပ်လျဉ်းပြီး ကြည့်ရှုစစ်ဆေးရာ ကျေးရွာစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် ကန်နီကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၄၁ အိမ်၊ လူ ၁၄၂၃ ဦးအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည့်အပြင် ကျေးလက်ဒေသထွက်ကုန်များကိုလည်း ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပုသိမ်မြို့နယ်၌ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၂၅၉၁၉ ဧက စိုက်ပျိုးပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၂၅၉၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၄၉၂၃၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၂၅၉၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခု နွေစပါးစိုက်ပျိုးရာသီမှာ ပုသိမ်မြို့နယ်အတွင်း နွေစပါး ၄၉၂၃၆ ဧကထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိလျာထားဧကရဲ့ ထက်ဝက်ကျော်လောက် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းပြီးချိန်က စတင်ပြီး ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ နွေစပါးစိုက်ပျိုးရေရရှိဖို့အတွက်နဲ့ ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေစပါးကို ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ စသည့်စပါးအမျိုးအစားများနှင့် အခြားစပါး အမျိုးအစားများကို အဓိကထား စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

စာအုပ်စာပေ လူ့မိတ်ဆွေ

# လူ၏တန်ဖိုး

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**

လူ့ဘဝသည် ရခဲလှပါသည်။ လူ့ပြည်မှ အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှ အပ်တစ်စင်းတို့ ထိတွေ့ရန် လွယ်ကူကောင်း လွယ်ကူနိုင်သော်လည်း လူ့ဘဝသို့ ရောက်ရှိရန်ကား အင်မတန်ခက်ခဲလှပါသည်။ ရခဲလှသောလူ့ဘဝတွင် လူပီသပြီး တန်ဖိုးရှိစွာ နေထိုင်ကြရမည်ဖြစ်သည်။ လူဖြစ်ရကျိုး နပ်ကြစေလိုပါသည်။

လူ့ဘဝသည် အလွန်တိုတောင်းလှပါသည်။ သမုဒ္ဒရာရေမျက်နှာထက် တစ်ခဏတက်သည့် ရေပွက်ပမာ ဤလူ့ရွာဟုလည်း တင်စားကြပါသည်။ "တစ်ခဏရောက်လာ ဤလူ့ရွာ တန်ဖိုးရှိစွာနေထိုင်ပါ။ အကုသိုလ်များ ဘေးဖယ်ထား၍ ကုသိုလ်တရားပွားများပါ။ လူ့တန်ဖိုးကို နားလည်ကာ လူဖြစ်ရကျိုးနပ်ပါစေ"စသည်ဖြင့် ဆရာတော်ကြီးများက ဆုံးမသြဝါဒ ပြုခဲ့ကြပါသည်။

ဤတွင် လူ့တန်ဖိုးဆိုသည်ကို သတိပြုကြရပါမည်။ လူ့တန်ဖိုးကို မည်သို့သတ်မှတ်ပါသနည်း။ မည်သို့နားလည်ပါသနည်း။ တန်ဖိုးဆိုသည်မှာ ပစ္စည်းတစ်ခုခု၏ အရည်အသွေးကောင်းမွန်ခြင်း၊ အသုံးဝင်ခြင်း၊ ရှားပါးခြင်း၊ တာရှည်ခံခြင်း၊ အကျိုးပြုခြင်းစသည်ဖြင့် ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ လူ့တန်ဖိုးကိုမူ လူတစ်ဦး၏ ကိုယ်ကျင့်သိက္ခာ၊ အကျင့်စာရိတ္တ၊ စိတ်နေသဘောထား၊ သီလစောင့်ထိန်းမှု၊ ကုသိုလ်၊ အကုသိုလ်ကိုခွဲခြားနိုင်မှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသောဗြဟ္မစိုရ်တရားလေးပါးကို သိမြင်ဆင်ခြင်နိုင်မှု၊ သူတော်ကောင်းတရား လက်ကိုင်ထားလျက် အတ္တနှင့်ပရ မျှမျှတတဝေခွဲတတ်မှု စသည်တို့နှင့် ဆက်နွယ်နေပါသည်။ လူသားအားလုံးသည် မိမိ၏တန်ဖိုးကို မိမိတို့ကိုယ်တိုင်ကသာ သတ်မှတ်ကြ၊ မြှင့်တင်ကြရပါသည်။ မိမိတို့ကိုယ်တိုင် လေးလေးစားစားတန်ဖိုးထား၍ ထိန်းသိမ်းကြရမည်ဖြစ်သည်။

လူ့တန်ဖိုးကို သိနားလည်ပြီး မိမိတန်ဖိုးကို ထိန်းထားရန်၊ အများသူငါကိုလည်း တန်ဖိုးထား၍ လေးလေးစားစားဆက်ဆံကြရန် အရေးကြီးပါသည်။ လူ့ဘောင်လောကကြီးအလယ်တွင် မိမိတို့ကိုယ်တိုင် တန်ဖိုးရှိရှိ၊ တာဝန်သိသိ၊ သိက္ခာရှိရှိ နေထိုင်လိုပါက အသိတရားလက်ကိုင်ထားကြရပါမည်။ အကောင်းနှင့်အဆိုး အကြောင်းနှင့်အကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိရပါမည်။ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားသိမြင်ကြလျက် အကြောင်းအရာတစ်ခုခုကို လုပ်သင့်၊ မလုပ်သင့် ချင့်ချိန်ရမည်။ စဉ်းစားကြရမည်။

လူ့တန်ဖိုးကို ထဲထဲဝင်ဝင် သိမြင်လာသောအခါ အချိန်ရှိခိုက် လုံ့လစိုက်ရမည်ဖြစ်သည်။ အသေမဦးခင် တရားဦးအောင်ရှာရမည်ကို သဘောပေါက်ရမည်ဖြစ်သည်။ ဓမ္မနှင့်အဓမ္မကိုခွဲခြားနိုင်ရေး၊ အတ္တနှင့်ပရကိုသိမြင်လာရေး ကြိုးစားအားထုတ်ရမည်။ ဒေါသကိုချုပ်တည်း၍ အဒေါသဖြစ်ရမည်။ လောဘကိုထိန်းချုပ်လျက် အလောဘဖြစ်ရမည်။ မောဟကိုဆင်ခြင်လျက် အမောဟဖြစ်ရမည်ဖြစ်သည်။

လူဟူသည် အချင်းချင်း သနားငဲ့ညာလိုစိတ်၊ ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်ရွယ်သူကို သနားတတ်ရမည်ဖြစ်သည်။ လဲနေသူကိုထူမ၊ ဒုက္ခရောက်နေသူကိုကယ်တင်၊ နာမကျန်းဖြစ်နေသူကို စောင့်ရှောက် စသည့်ပရဟိတဇာဟိတဇာဟိရကိုစိတ်တွင် သိမြင်ဆောင်ရွက်လိုစိတ်ကို မွေးမြူကြရပါမည်။ ထို့ပြင် လူသားတစ်ဦး၏တန်ဖိုးရှိခြင်း၊ တန်ဖိုးမဲ့ခြင်း အကြောင်းရင်းကို သိမြင်ရန်ကြိုးစားရပါမည်။ အဘယ်ကြောင့် တန်ဖိုးရှိရသည်၊ အဘယ်ကြောင့် တန်ဖိုးမဲ့ရသည်ကို လေ့လာသုံးသပ်ပြီး တန်ဖိုးမြင့်အောင် မည်သို့လုပ်ဆောင်ကြရမည်၊ မည်သို့မြှင့်တင်ကြရမည်ကို သတိပြုကာ ဆင်ခြင်ကြရမည်ဖြစ်သည်။

အချို့အချို့သောလူများကို လေ့လာကြည့်ရာတွင် ၎င်းတို့၏လုပ်ရပ်နှင့် စိတ်ဓာတ်များသည် မှန်ကန်မှု ရှိ၊ မရှိ၊ မှားသည်၊ မှန်သည်ကို မစဉ်းစားမဆင်ခြင်ဘဲ အတ္တကို ရှေ့တန်းတင်နေသည်ကို တွေ့ရမြင်ရသည်။ လောဘကို ရင်ဝယ်ပိုက်၍ အစဉ်တစိုက်မိုက်မဲသော အတွေး၊ မသင့်သောအကြံ၊ မမှန်သောလုပ်ရပ်များ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသည့်သဘောပိုက်နေကြသည်။ အများနှင့် အဆင်ပြေပြေနီးနှောတိုင်ပင်မှု၊ ဆွေးနွေးအဖြေရှာမှုဆိုသည်မှာ ဝေလာဝေး၊ ရွေးထုံးကိုဖျက် မိမိအတွက် သက်သက်ကိုသာလုပ်ဆောင်နေကြသည်ကို ဝမ်းနည်းဖွယ်တွေ့နေရသည်။

လူတချို့သည် မိမိတို့၏ဘဝ၊ မိမိတို့၏စည်းစိမ်၊ မိမိတို့မိသားစုအတွက်ကိုသာစဉ်းစား အကျိုးစီးပွားတိုးပွားစေရန်သာအဓိက ငါသိတာသည် "ငါ့မိသားစု၊ ငါ့သား၊ ငါ့မယား၊ ငါ့စီးပွား"ကိုသာ အစဉ်အမြဲတွေးတောနေတတ်သည်။ ထိုကဲ့သို့သောလူများ၏ လုပ်ဆောင်မှုများနှင့် စိတ်သဏ္ဍာန်များသည် ထိုသူတို့၏ ဂုဏ်သတင်းများ ချက်ချင်းနိမ့်ကျ၍ အတ္တ၏ သားကောင်များဖြစ်နေသည်ကို မိမိကိုယ်မိမိ သတိမမူကြတော့ပေ။ လောဘအမှောင်များ ဖုံးလွှမ်း၊ မောဟအရောင်များရောပြွမ်းလျက် လောကကို မေ့နေသူများပင်ဖြစ်သည်။

ဆင်ခြင်တုံတရား အလွန်နည်းပါးပြီး အသိတရား ကင်းမဲ့ကြသောအခါ လူတို့သည် မိမိတို့၏တန်ဖိုး၊ မိမိတို့၏ကိုယ်ကျင့်တရား တဖြည်းဖြည်းနိမ့်ပါးလာသည်၊ ကျဆင်းလာနေသည်ကို သတိမမူဂရုမမြင်တော့ဘဲ ဖြစ်ကြရတော့သည်။ မိမိ၏လုပ်ဆောင်ချက်များသည် မိမိ၏ တန်ဖိုးကိုနိမ့်ကျစေသည်။ မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ စာရိတ္တပျက်ပြားစေသည်ကိုတော့ မသိကြပါပေ။ မိမိ၏အဆင့်အတန်းသည် အဘယ်မျှ နိမ့်ကျသွားသည်ကိုပင် မသိကြတော့ပေ။

သို့ရာတွင် ယိုသူမရှက် မြင်သူရှက် ဆိုသကဲ့သို့ မိမိကိုယ်တိုင်ကမူ စိုးစဉ်းမသိ သတိကင်းမဲ့ မိုက်တွင်းနက်မြဲဆိုးသွမ်းနေဆဲ ဖောက်ပြန်နေဆဲဖြစ်သော်လည်း ပတ်ဝန်းကျင်က သတိထားမိလာသည်။ ထိုသူများသည် ပတ်ဝန်းကျင်ကိုလည်း သတိမမူကြတော့ပါ။

၎င်းတို့၏စိတ်သန္တာန်တွင် အတ္တစိတ်ကဖုံးလွှမ်း၊ လောဘကမင်းမူ၊ ဒေါသကိုအလံထူ၊ မောဟကိုဘုရင်တစ်ဆူကဲ့သို့ သဘောထားလျက် မိုက်တွင်းနက်နေကြသည်။ ဒုစရိုက်များ အကုသိုလ်များ တစ်နေ့တခြား တိုးပွားနေသည်ကို အလေးမထားမစဉ်းစားကြတော့ပါ။

အထက်ဖော်ပြပါ လုပ်ဆောင်ချက်များသည် မိမိတို့၏ ဂုဏ်သိက္ခာ၊ မိမိတို့၏တန်ဖိုး၊ မိမိတို့၏ ဂုဏ်ဒြပ် စသည်များကို အခါမလပ် နိမ့်ကျစေသော လုပ်ဆောင်ချက်များဖြစ်သည်။ မိမိတို့ကိုယ်တိုင် မိမိတို့၏တန်ဖိုးကို သတ်မှတ်နေကြခြင်းဖြစ်ပါသည်။ မိမိတို့၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားစေရန် မိမိကိုယ်တိုင် လုပ်ဆောင်ကြရပါမည်။ အခြားသူများက လုပ်ဆောင်ပေးရန်မဖြစ်နိုင်ပါ။ သို့သော် အခြားသူများ၏ တိုက်တွန်းမှု၊ အမှားကိုထောက်ပြမှု၊ အမှန်ကို ညွှန်ပြမှုတို့ကို လက်ခံသင့် လိုက်နာပြုပြင်သင့်သည်။

ထို့နောက် မိမိကိုယ်ကိုမိမိဆန်းစစ်ပါ။ ဝေဖန်စဉ်းစားပါ။ မိမိတို့၏စိတ်သန္တာန်မှာ "ငါသည် လူကောင်းလူတော် အမှန်တကယ်ဖြစ်နေပြီလော။ သို့တည်းမဟုတ် လူညံ့လူရှော်ဖြစ်နေပြီလော"ဟု ဆန်းစစ်ပါ။ ဆုံးဖြတ်သုံးသပ်ပါ။ သေချာသည်မှာ လူတိုင်းသည် လူကောင်းလူတော်များဖြစ်လိုကြသည်။ လူညံ့လူနုံများမဖြစ်လိုကြပါ။ သို့သော် "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်"ဆိုသည်ကိုတော့ မေ့လျော့နေကြသည်။ ဖြစ်အောင်မကြိုးစား အလွဲလွဲအမှားမှား ပြုကျင့်နေကြသည်။

> ❖ လူသားအားလုံးတို့သည် လူ့ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း လူ့ဘောင်လောကတွင် တာဝန်များလုပ်ဆောင်မှုများနှင့် မည်သည့်အခါမျှ ကင်းကွာ၍မရနိုင်ပါ။ ဤလူ့ဘောင်အတွင်းမှ ရန်းထွက်၍မရ ထာဝရအစဉ် တွဲယှဉ်လျက်နေကြရမည်သာ။ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝန်းတွင် လိုက်လျောညီထွေစွာနေထိုင်နိုင်ရန် မိမိကိုယ်ကိုတန်ဖိုးရှိရှိ စိတ်ချမ်းသာမှုအပြည့်ဖြင့် နေထိုင်ကြရန် အရေးကြီးပါသည်။ လောကအလယ်တွင် လူကောင်းလူမှန်ဖြစ်ရန် စိတ်ရည်သန်၍ အကောင်းဆုံးဖြစ်ရန် တန်ဖိုးအရှိဆုံးလူဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ❖

စာရေးသူတွင် မိတ်ဆွေတစ်ဦး ရှိခဲ့ဖူးပါသည်။ သူကကုမ္ပဏီတစ်ခု၏ အကြီးအကဲတာဝန်ယူထားသူဖြစ်သည်။ သူ့ကိုလက်အောက်ငယ်သား ဝန်ထမ်းများက လေးစားစေချင် ကြည်ညိုစေချင်သည်။ သူ့ကိုဝန်ထမ်းအားလုံးက ကျေးဇူးရှင် ကယ်တင်ရှင်တစ်ဦးအဖြစ် မြင်တွေ့လိုသည်။ သို့သော် သူကိုယ်တိုင်က သူ၏တန်ဖိုးကိုမြင့်တက်အောင် မလုပ်ဆောင်ခဲ့ပါ။ သူ၏စိတ်အာရုံတွင် အတ္တစိတ်ကကြီးစိုးနေခဲ့သည်။ လက်အောက်ငယ်သားများအပေါ်တွင် စေတနာ ကရုဏာ မုဒိတာ သနားညှာတာစိတ်များ ကင်းမဲ့နေခဲ့သည်။ အရာရာကို အလေးထား၍မစဉ်းစား ပေါ့ပေါ့တန်တန်နေခဲ့သည်။ အမှန်နှင့်အမှားကို တိကျသေချာခွဲခြားလိုစိတ်ကနည်းပါးခဲ့သည်။ ပြဿနာတစ်ခုခုပေါ်ပေါက်လာပါက ပြဿနာ၏အရင်းအမြစ်ကို မစဉ်းစားမစုံစမ်းမေးမြန်းမှုမပြုဘဲ ဒေါသထွက်သည်။ လက်အောက်ငယ်သားများကို အပြစ်တင်ကာ ဆူပူကြိမ်းမောင်းသည်။ ဆဲဆိုသည်။ ပစ်ပေါက်သည်။ ရိုက်မောင်းပုတ်မောင်းပြုသည်။ အလုပ်မှထုတ်ပယ်သည်။ နောက်ဆုံးတွင် သူ့ဒေါသကပင် သူ့ဘဝကို အဆုံးသတ်စေပြီး အသက်ဆုံးခဲ့ရသည်အထိဖြစ်ခဲ့ရသည်။

ဤကဲ့သို့သောဖြစ်စဉ်များ၊ လောဘ ဒေါသ မောဟ ကြီးစိုးမှုများကြောင့် ဘဝပျက်ရသူ၊ တန်ဖိုးနိမ့်ကျခဲ့ရသူ၊ လူ့လောကအလယ်မှ ထွက်ခွာသွားရသူများ၊ အများသူငါ၏ ဖယ်ကြဉ်မှုများ၊ အသက်သေဆုံးကြရသူများကို မတွေ့လို၊ မမြင်လို၊ မကြားလိုသည်မှာ စာရေးသူ၏ စစ်မှန်သောဆန္ဒမွန်ဖြစ်ပါသည်။

လူသားအားလုံးတို့သည် လူ့ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း လူ့ဘောင်လောကတွင် တာဝန်များ လုပ်ဆောင်မှုများနှင့် မည်သည့်အခါမျှ ကင်းကွာ၍မရနိုင်ပါ။ ဤလူ့ဘောင်အတွင်းမှ ရုန်းထွက်၍မရ ထာဝရအစဉ် တွဲယှဉ်လျက်နေကြရမည်သာ။ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝန်းတွင် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရန် မိမိကိုယ်ကိုတန်ဖိုးရှိရှိ စိတ်ချမ်းသာမှုအပြည့်ဖြင့် နေထိုင်ကြရန် အရေးကြီးပါသည်။ လောကအလယ်တွင် လူကောင်းလူမှန်ဖြစ်ရန် စိတ်ရည်သန်၍ အကောင်းဆုံးဖြစ်ရန် တန်ဖိုးအရှိဆုံးလူဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။

တန်ဖိုးအရှိဆုံးလူသားတစ်ဦး ဖြစ်မလာသည့်တိုင် မိမိကိုယ်တိုင်က တန်ဖိုးမဲ့သူ လူညံ့လူရှော် လူမသူတော်တစ်ဦးမဖြစ်ရန်ကိုတော့ အထူးသတိပြု၍ ကြိုးစားကြရပါမည်။ ကောင်းတာဖြစ်ရန် ကောင်းကျိုးကို လုပ်ဆောင်ကြရမည်။ ကောင်းတာကိုပြော ကောင်းတာကိုကြံ မှန်သည်ကိုလုပ်မှ လူကောင်းလူမှန်ဖြစ်မည်မဟုတ်ပါလော။

သို့ပါ၍ လူဟူသော လူသားအားလုံးသည် လိမ္မာရေးခြားရှိကြပြီး လောဘ ဒေါသ မောဟ တရားများကို ဖြေလျှော့စေကာ တန်ဖိုးရှိသူ အဖိုးတန်သောလူသားများ ဖြစ်လာကြစေရန် ကြိုးပမ်းကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**
- **တက်တိုး (၂၀၀၀) လောကနီတိ**
- **ဦးသော်ဇင် (၂၀၀၁) ဓမ္မပဒ**

# စဉ့်ကူးမြို့နယ် မြသီတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကူး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြသီတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်အေးအေးထူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ မြသီတာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း စသည့်တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှုရှိ၊မရှိ၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုရှိ၊မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ရေး ဆွေးနွေးမှာကြားခဲ့သည်။

မြသီတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၈၁၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၇၄၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၂၅၀၀၀၀၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၄၀၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၅၀၀၀၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စာလွင်**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ကျေးဇူးသိတတ်သော စာကလေး

"ကဲ. . . အခုညပြောမဲ့ ပုံပြင်လေးက "ကျေးဇူး သိတတ်သော စာကလေး"တဲ့ကွယ်။

"ရွာတစ်ရွာမှာ အမယ်အိုကြီးတစ်ယောက်ရှိတယ်။ အဲဒီ အမယ်အိုက နေ့စဉ်နေ့တိုင်း စာကလေးတွေကို ဆန်တွေ၊ ဆန်ကွဲတွေ၊ ထမင်းကျန်လေးတွေကိုပက်ပြီး ကျွေးတတ်တယ်။ စာကလေးတွေကလဲ နေ့တိုင်းလာ လာစားကြတယ်။ အဲဒါကြောင့် စာကလေးတွေနဲ့ အမယ်အိုကြီးက ယဉ်ပါးနေကြတယ်။ အခု ကလေးတွေ ဦးဦးကို ဝိုင်းနေသလို စာကလေးတွေက အမယ်အိုကြီး ကို ဝိုင်းနေကြတယ်။ စာကလေးတွေက အမယ်အိုကြီးကို မကြောက်ကြဘူး။ လက်နဲ့ အသာဖမ်းယူလိုက်ရင်လဲ လက်ထဲမှာနားပြီး ကျလိကျလိမြည်ကြတယ်။ ဒီလိုနဲ့ တစ်နေ့ကျတော့ အမယ်အိုကြီးက တောထဲကိုထင်းခုတ် သွားတယ်။ အဲဒီအချိန် ရွာထဲက ငှက်ဖမ်းသမားက လာပြီးတော့ စာကလေးတွေကို အစာကျွေးတယ်။ အစာကျွေးတော့ စာကလေးတွေက လာစားကြတယ်။ စာကလေးတွေက အမယ်အိုကြီးလိုပဲ ငှက်ဖမ်းသမား ကို မကြောက်ဘူး။ အဲဒီအချိန်မှာ ငှက်ဖမ်းသမားက စာကလေးတစ်ကောင်ကို ဖမ်းတယ်။ ဖမ်းပြီးတော့ စာကလေးရဲ့လျှာကို ဖြတ်ပစ်လိုက်တယ်။ စာကလေး ခမျာ နာကျင်လွန်းလို့ "ကျလိ ကျလိ"လို့ အော်တော့ အခြားစာကလေးတွေကလဲ ကြောက်ပြီး တောထဲကို ပျံပြေးကုန်ကြတယ်။ လျှာဖြတ်ခံရတဲ့ စာကလေးလဲ ငှက်ဖမ်းသမားလက်က လွတ်အောင်ရုန်းပြီး တောထဲ ကို ထွက်ပြေးသွားတယ်။ ဒီလိုနဲ့မကြာခင်မှာပဲ အမယ် အိုကြီးလဲ တောထဲက ထင်းခွေပြန်လာတယ်။ အိမ် ရောက်တော့ အမယ်အိုကြီးက စဉ်းစားတယ်။ ဒီနေ့ စာကလေးတွေအသံ မကြားရပါလား၊ အိပ်တန်း တက်ကုန်တယ်ထင်ပါရဲ့လို့ အမယ်အိုကြီးက တွေး တယ်။ ဒီလိုနဲ့ အမယ်အိုကြီးလဲ ထင်းခွေပြန်မောမော နဲ့ အိပ်လိုက်တယ်။

နောက်တစ်နေ့နံနက် အမယ်အိုကြီးလဲ မိုးလင်း လင်းချင်း စာကလေးတွေကို ဆန်တွေ၊ ဆန်ကွဲတွေ ကျွေးတယ်။ ဒါပေမဲ့ စာကလေးတွေက လာမစားဘူး။ တစ်ကောင်မှကို လာမစားတာ။ အဲဒီအခါ အမယ်အို ကြီးက စာကလေးတွေ ဘာကြောင့်လာမစားပါလိမ့် လို့ ဘေးနားကအိမ်တွေကို မေးတယ်။ စာကလေးတွေ လာမစားဘူး။ ဘာကြောင့်လဲပေါ့။ ဒီတော့ ဘေးအိမ်



တွေကဖြေတယ်။ ခင်ဗျား ထင်းခွေသွားတုန်း ငှက်ဖမ်း သမားက အစာတွေကျွေးတယ်။ စာကလေးတွေကို ဖမ်းတယ်။ ပြီးတော့ စာကလေးတစ်ကောင်ရဲ့လျှာကို ဖြတ်ပစ်လိုက်တယ်။ စာကလေးခမျာ နာကျင်လွန်းလို့ အော်လိုက်တာ ကျန်တဲ့စာကလေးတွေပါ တောထဲ ပျံ ပြေးကြတယ်ထင်ရဲ့လို့ဘေးအိမ်တွေက ပြောကြတယ်။ ဒါနဲ့ အမယ်အိုကြီးလဲ စာကလေးတွေကိုရှာဖို့ တောထဲ

ကို ထွက်လာခဲ့တယ်။ ဒါနဲ့ တောထဲရောက်တော့ လျှာ ဖြတ်ခံရတဲ့ စာကလေးနဲ့တွေ့တယ်။ တွေ့တော့ အမယ် အိုကြီးက ပြောတယ်။ ဘာလို့ အစာလာမစားကြတော့ တာလဲပေါ့။ ဒီတော့ လျှာဖြတ်ခံထားရတဲ့ စာကလေးက သူ့လျှာအဖြတ်ခံထားရတာကို ပါးစပ်ဟပြီးပြတယ်။ အဲဒီလိုပြတော့မှ အမယ်အိုကြီးဟာ ဝမ်းနည်းပြီး မျက် ရည်တွေကျလာတယ်။ ဒီတော့ စာကလေးက အမယ်အို ကြီးအငိုတိတ်အောင် သူ့အတောင်နဲ့ မျက်ရည်တွေကို သုတ်ပေးတယ်။ ပြီးတော့ အမယ်အိုကြီးကို ကျေးဇူးဆပ် တဲ့အနေနဲ့ အထုပ်တစ်ထုပ်ပေးလိုက်ပါရစေတဲ့။ အိမ် ရောက်မှဖွင့်ကြည့်ပါတဲ့။ ကောင်းပါပြီ အိမ်ရောက်မှ ဖွင့်ကြည့်ပါမယ်လို့ အမယ်အိုကြီးက ပြန်ပြောသတဲ့။ ဒါနဲ့ စာကလေးက အထုပ်ပေးလိုက်တယ်။ အမယ်အို ကြီးလဲ စာကလေးပေးတဲ့အထုပ်ကိုယူပြီး အိမ်ပြန်ခဲ့ တယ်။ အိမ်ရောက်လို့ အထုပ်ကိုဖွင့်ကြည့်လိုက်တယ် ဆိုရင်ပဲ အထုပ်ထဲမှာ ရွှေတွေမှ အများကြီးပဲတဲ့။ အဲဒီ သတင်းဟာ ရွာထဲကို ချက်ချင်းပြန့်သွားတယ်။ ငှက် ဖမ်းသမားလဲ သတင်းကြားပြီး အမယ်အိုကြီးကို အကျိုး အကြောင်းလာမေးတယ်။ အမယ်အိုကြီးကလဲ အကျိုး အကြောင်းပြန်ပြောပြတယ်။ ငှက်ဖမ်းသမားလဲသတင်း မေးပြီး သူသိချင်တာသိရတော့ အိမ်ပြန်သွားတယ်။ အိမ်ရောက်တော ငှက်ဖမ်းသမားက သူ့မိန်းမကို ငါတောထဲသွားပြီး စာကလေးတွေလိုက်ရှာအုံးမယ် လို့ပြောပြီး ထွက်သွားတယ်။ တောထဲရောက်တော့ ကံကောင်းစွာနဲ့ပဲ လျှာအဖြတ်ခံထားရတဲ့ စာကလေး နဲ့ တန်းတွေ့ရတာပဲ။ အဲဒီအခါမှာ ငှက်ဖမ်းသမားက သူ့ကိုလဲ အမယ်အိုကြီးလို အထုပ်တစ်ထုပ်ပေးပါလို့ တောင်းလိုက်တယ်။ ကောင်းပါပြီ ပေးပါမယ်။ ဒါပေမဲ့ အိမ်ရောက်မှ ဖွင့်ကြည့်ပါလို့ စာကလေးက ပြောလိုက် တယ်။ ငှက်ဖမ်းသမားကလဲ အိမ်ရောက်မှ ဖွင့်ပါမယ် လို့ ပြန်ပြောလိုက်သတဲ့။ ဒါနဲ့ စာကလေးက အထုပ် တစ်ထုပ်ပေးလိုက်တယ်။ ငှက်ဖမ်းသမားလဲ သူ့ကိုပေး တဲ့အထုပ်ကိုယူပြီး ပြန်လာလိုက်တယ်။ လမ်းတစ်ဝက် ရောက်တော့ ငှက်ဖမ်းသမားက စဉ်းစားတယ်။ အထုပ် ထဲမှာရွှေတွေနေမှာပဲပေါ့။ ဒါနဲ့ ငှက်ဖမ်းသမားက အိမ် ရောက်အောင်မစောင့်ဘဲ လမ်းတစ်ဝက်မှာဖွင့်ကြည့် တယ်။ အဲဒီလို ဖွင့်လိုက်တယ်ဆိုရင်ပဲ အထုပ်ထဲက မြွေထွက်လာပြီး ကိုက်ပါလေရော။ ငှက်ဖမ်းသမားလဲ မြွေကိုက်ခံရပြီး သေသွားရတာပေါ့ကွယ်။"

"ကလေးတို့ရေ. . . ဦးဦးပြောပြတဲ့ ပုံပြင်လေးက တော့ ဒီလောက်ပါပဲကွယ်။ ကလေးတို့လဲ ပုံပြင်ထဲက အမယ်အိုကြီးလို တိရစ္ဆာန်လေးတွေအပေါ် ကြင်နာကြ ရမယ်။ စာကလေးလိုလဲပဲ ကျေးဇူးရှင်တွေကို ကျေးဇူး ဆပ်ရမယ်နော်။"

**အောင်ထိုက်(ရေစကြို)**

## တောဓလေ့



♦ နေမင်းရောင်ဝါ အလင်းဖြာ
နံနက်မင်္ဂလာ။

♦ ကြေးစည်သံသာ ဒူဝေကြား
ဆွမ်းခံ သံဃာများ။

♦ ရွာသူရွာသား ဆွမ်းလောင်းလှူ
ကန်တော့ ကုသိုလ်ယူ။

♦ စိတ်ထားဖြူဖြူ ကောင်းမှုပြု
အစဉ်လာတစ်ခု
သာဓု သာဓု သာဓု။ ။

**ကန်မြဲချစ်မင်းဝေ**

## လက်ဆေးကြပါစို့

♦ ကျန်းမာရေး ကျန်းမာရေး
လက်ကိုစင်အောင်ဆေး။

♦ ဆပ်ပြာလေးနဲ့ လက်ဆေးပါ
စက္ကန့်နှစ်ဆယ်ကြာ။

♦ အားလုံးကျန်းမာ သန့်ရှင်းလို့
ကူးစက်ရောဂါ ကာကွယ်ဖို့
လက်ဆေးကြပါစို့။ ။

**မောင်မောင်လှရွှေ(ကန့်ဘလူ)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ် ...

❖ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ် ...

❖ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ၊ လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပက္ကိတ၊ တိုင်းဩဝါဒါစရိယ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသနှင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေး ဩဝါဒါစရိယဆရာတော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

